မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

**အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၄၂)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပပြုလုပ်

**နေပြည်တော် မေ ၂၉**

မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးက မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။


Myanmar Mobile Money (MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

အငြိမ်းစားလစာအပါအဝင် ငွေပို့ ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်)

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အောင်မြင်မှု

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးတွင် အနှောင့်အယှက် အဖြစ်မြင်တွေ့နေရသည်မှာ တရားမဝင်ကုန်သွယ်မှုများဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၂၂ ခုနှစ်မှစတင်၍ပြင်ဆင် ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်။ ပြည်သူများကိုယ်တိုင်ကလည်း တရားမဝင်ကုန်သွယ်မှုပပျောက်ရေး အတွက် သတင်းမှန်ပေးမှု များပြားလာသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တစ်ဖက်တစ်လမ်းမှ ထိရောက်စွာဆောင်ရွက်နိုင်သည်။

ဖမ်းဆီးရရှိမှုနှင့်စပ်လျဉ်း၍ ပစ္စည်းများဖမ်းဆီးခြင်းနှင့် အခြားကန့်သတ်ပစ္စည်းဖမ်းဆီးရမိခြင်း များရှိသည်။ ဖမ်းဆီးရမိသည့်ပစ္စည်းများကို အလေအလွင့်အဆုံးအရှုံးအနည်းဆုံးဖြစ်အောင် ထိန်းသိမ်း ခြင်း၊ စစ်ဆေးသည့် ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျအမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့်သက်ဆိုင်သည့်တာဝန်ရှိသူအားလုံးက အလေးထား ဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မေလ ၂၉ ရက်ကကျင်းပသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)တွင် အမှာစကားပြောကြားစဉ် **"တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင်ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက် အောင်မြင်အောင်ဆောင်ရွက်ကြရန်ပြောကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်သည့်ဝန်ထမ်း များကလည်း တစ်ဦးချင်းလုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် တာဝန်ထမ်းဆောင်ကြရန်နှင့် မိမိတို့အဖွဲ့အစည်း အဝန်းအဝိုင်းအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဖြင့်ဆောင်ရွက်၍မရသည့်အတွက် ဦးဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိ သူများ၊ သက်ဆိုင်သည့်ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များနှင့် ပြည်သူများ အားလုံးကပေါင်းစပ်ပြီး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်ကြမှသာ ကော်မတီ၏ရည်ရွယ်ချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည့်အချက်များကို တစ်ဖက်တစ်လမ်းမှ တားဆီးကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ် သည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက် သွားကြရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲက တရားမဝင်ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက် အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ပြတ်ပြတ်သားသားတိုက်ဖျက်ဆောင်ရွက်သွားရန် လမ်းညွှန်ထားပြီးဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများကိုထိရောက်စွာတိုက်ဖျက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ လာခဲ့သည်မှာ (၁၉)ကြိမ် ရှိပြီဖြစ်သည်။ သုံးနှစ်နှင့်လေးလတာကာလအတွင်းဖမ်းဆီးရရှိမှုများကို ပြန်ကြည့်မည်ဆိုပါက ဖမ်းဆီးရမိအမှုတွဲ ၂၂၁၉၈ မှု၊ တန်ဖိုးအားဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၄၁ ဘီလီယံ ဖမ်းဆီး ဖော်ထုတ်ခဲ့သည်။ လအလိုက် ဖမ်းဆီးရမိမှုများတွင် ၂၀၂၅ ခုနှစ် မတ်လတွင် ဖမ်းဆီးရရှိမှုမှာ အများဆုံးဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများ အလွန်အကြူးပြုလုပ်နေသည့်ကဏ္ဍ ၁၂ ရပ်ရှိရာ ယင်းတို့တွင် လယ်ယာ စိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ၊ အရက်၊ အတုအပ ကုန်စည်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ တရားမဝင်ငါးဖမ်းဆီးမှုများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီးကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်း တိရစ္ဆာန် များပါဝင်ကြောင်းဖော်ပြထားသည်။ ဖမ်းဆီးရမိမှုများတွင် တရားမဝင်ထိန်းချုပ်ဓာတုပစ္စည်းများ၊ မူးယစ် ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများပါဝင်သည်။ အနှစ်ချုပ်ဆိုရသော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်း များပိုမိုအောင်မြင်မှုရှိလာသည်ကိုကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ် ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့် လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိ သော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မိတ္ထီလာမြို့နယ် သဖန်းပင်ရိုးကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

မိတ္ထီလာ မေ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သဖန်းပင်ရိုးကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မေလ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက် သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးမည့်အခြေအနေ များကို ရှင်းလင်းပြောကြားပြီး သဖန်းပင်ရိုးကျေးရွာမှ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ စီမံကိန်းရန်ပုံ ငွေကျပ် ၄၆ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သဖန်းပင်ရိုးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၈ ဦးတို့အား ချေးငွေများကို စနစ်တကျ ထုတ်ချေးပေးသည်။

မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင် တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် နှင့်တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အအုံ များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန်နှင့် ကျေးလက်နေလူထု၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှမြို့နယ် ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။ (၆၀၂)


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးနှစ်ပါးအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် မေ ၂၉

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော်ကြီးနှစ်ပါးအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို မေလ ၂၉ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကဩဝါဒါစရိယ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သ. စ. အဓမ္မာစရိယ၊ ပါဠိပါရဂူ ဆရာတော်ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးအောင်ဇေယျလင်းက ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာစကားလျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါး၏ ထေရုပ္ပတ္တိကို ဂေါပကအဖွဲ့ရုံးဌာနခွဲမှူး ဦးအောင်မြင့်ထွန်းက ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော်) နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (တိပိဋကနိကာယမဟာဂန္ဓဝင်ကျောင်းတိုက်ဆရာတော်) တို့အား ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဩဝါဒါစရိယ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သိန်းဝင်း**

# မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီး၌ ဥစားကြက်မွေးမြူရေးဇုန်ဖော်ဆောင်နေမှု ၅၀ ရာခိုင်နှုန်းခန့်ပြီးစီး

မကွေး မေ ၂၉

မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကြီးမှူး၍ မကွေးမြို့နယ်အတွင်း ဥစားကြက်မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဥစားကြက်မွေးမြူရေးဇုန်ကို မကွေးမြို့နယ်အတွင်းရှိ သမဝါယမအသင်းများစုပေါင်း၍ မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီးရှိ မြေ ၄၈ ဒသမ ၀၆ ဧကပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ထိုမွေးမြူရေးဇုန်တွင် လုပ်ငန်းရှင် ၁၂ ဦးက တစ်ဦးလျှင် ကြက်အကောင် ၃၀၀၀ ဖြင့် စတင်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်သည်။

"ဥစားကြက်မွေးမြူရေးဇုန်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ၅၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ။ အခုလို မွေးမြူရေးဇုန်ဖော်ဆောင်ရာမှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က လမ်းဖောက်လုပ်တာတွေ၊ လျှပ်စစ်မီးသွယ်တန်းတာတွေနဲ့ ရေရရှိရေးလုပ်ငန်းတွေကို အခမဲ့ကူညီဆောင်ရွက်ပေးပါတယ်" ဟု မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်မင်းကပြောသည်။

ထိုမွေးမြူရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါများကာ မိသားစုဝင်ငွေတိုးပွားလာနိုင်ကြောင်း သိရသည်။

ယခုအခါ ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကြီးမှူး၍ မကွေးမြို့နယ်အတွင်း မွေးမြူရေးဇုန်နှင့် စိုက်ပျိုးရေးဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဧက ၁၅၀ ခန့်ရှိသော စနစ်ကျလယ်ယာမြေကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# တံတားဦးမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ဧက ၁၇၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



တံတားဦး မေ ၂၉

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ ဒေသခံတောင်သူများသည် ရာသီအလိုက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးရာသီတွင် ဆည်ရေသောက်၊ ကန်ရေသောက်၊ လျှပ်စစ်မြစ်ရေတင်နှင့် မိုးကောင်းသောက်စနစ်များဖြင့် သီးနှံစုံဧက ၁၇၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

တံတားဦးမြို့နယ်၌ မိုးစပါး ၁၄၅၇၅ ဧကနှင့် နှံစားပြောင်း ၁၂၈၉၈ ဧက၊ ပဲမျိုးစုံ ၂၀၇၃၉ ဧက၊ ဆီထွက်သီးနှံစုံ ၆၅၂၂၃ ဧက၊ စားဖိုဆောင်သီးနှံ ၅၃၃ ဧက ၊ ကျွဲနွားစာအဖြစ် ၄၈၅၃၈ ဧကနှင့် ပဲမြစ် ၂၁၄၅ ဧက၊ စားသုံးခြင်းမပြုသည့်သီးနှံ ၇၈၅ ဧက၊ ဟင်းသီးဟင်းရွက် ၉၉၃ ဧက၊ ဝါ ဧက ၅၂၂၀၊ ကြံ ၈၁ ဧကနှင့် နှစ်ရှည်ပင် ၆၄၃၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

သီးနှံမျိုးစုံအထွက်တိုးရေးနှင့် အောင်မြင်သောသီးနှံမျိုးစုံရရှိရေးအတွက် သက်ဆိုင်ရာဌာနများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ဒေသခံတောင်သူများပူးပေါင်းပြီး အထွက်နှုန်းကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးကို ခေတ်မီနည်းစနစ်များနှင့်အညီ စိုက်ပျိုးသီးနှံများ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများဘက်မှလည်း ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သို့ဖြစ်၍ ကျွန်ုပ်သည် တူအရင်းဖြစ်သော ဖိုးထူးအိမ်တွင် နေရုံသာ နေ၍ အစားအသောက်အတွက်ကို (သူတို့အားလည်း ဒုက္ခမပေးလိုသည် တစ်ကြောင်းကြောင့်) တရုတ်၊ ကုလား၊ မြန်မာထမင်းဆိုင်များ၌ တစ်လှည့်စီစားဖို့ စီမံခဲ့ပါသည်။ "တူတစ်ယောက်လုံးရှိလျက်နဲ့၊ မတော်ပါဘူး" ဟူသောစကားမျိုးကို ဖိုးထူးက ပြောပါသေး၏။ သို့သော် ကျွန်ုပ်က ဦးကြီးအရင်းဖြစ်သည့်အတိုင်း ချက်ချင်းနှုတ်ပိတ်ပစ်လိုက်လေသည်။ (လောကဝတ်စကားမျိုးကို လက်မခံတတ်ဘဲ တိုတိုနှင့် စကားဖြတ်ပစ်တတ်သော ကျွန်ုပ်၏ဝါသနာကြောင့် တချို့ဆွေမျိုးများသည် ကျွန်ုပ်အပေါ်၌ ခင်မင်မှုလျော့ပါးကြဟန်ရှိ၏။ သို့သော် တချို့ကလည်း ဤအတွက်ပင် သဘောကျကြပုံရသည်။)

**ရှေးဖြစ်ဟောင်းပေါ်လာခြင်း**

အိမ်ပေါ်သို့ တက်ကြ၍ တံမြက်စည်း သုံး၊ လေးရက်လှည်းဟန်မရှိသောကြမ်းပြင်ကို ဖိုးထူးက လှည်းကျင်းပေးပြီးနောက် ကျွန်ုပ်၏ပစ္စည်းလေးများကို ခင်းကျင်းပေးခဲ့၍ ဖိုးထူးပြန်သွား၏။ ဖိုးထူးတို့ဇနီးမောင်နှံမှာ ဘုရားပွဲဈေးတန်း၌ ပွဲတော်ကာလအတွင်း နေထိုင်ကြလေရာ အလိုရှိသောပစ္စည်းတစ်ခုယူရန် အိမ်သို့ ခေတ္တပြန်လာခြင်းဖြစ်လေသည်။ အိမ်မှာ အတော်ကျယ်ဝန်းသည့် နှစ်ထပ်အိမ်ဖြစ်လေရာ အပေါ်ထပ်ဆင်ဝင်အောက်တွင် ကျွန်ုပ်နေရန်ဖြစ်၍ (နေ့ခင်း၌ အောက်ထပ်သို့ ဆင်းပြီး အလုပ်လုပ်ရန်ဖြစ်လေသည်။) အိမ်ရှေ့၌ရှိသော ရေတွင်းတွင် ရေချိုးပြီးနောက် နံနက်ကိုးနာရီလောက်တွင် ဘုရားပွဲတော်ဘက်သို့ ထွက်လာခဲ့ရာ (အိမ်ကို သော့ပိတ်ထားခဲ့သည်။) အောက်ပြည်အောက်ရွာမှ ဘုရားပွဲများသို့ မရောက်ဖူးသည့် ကျွန်ုပ်အဖို့မှာ ထူးခြားချက်တစ်ခုကို ချက်ချင်းပင်သတိပြုမိသည်။

အညာဒေသ၌ကျင်းပသည့် တပေါင်းပွဲတော်များအားလုံးမှာ ဖုန်တထောင်းထောင်းထလျက်ရှိကြ၍ ပွဲတော်လာပရိသတ်များမှာ မျက်တောင်၊ မျက်ခုံးနှင့်ဆံပင်များသည် (မြေခံအလိုက်) အဖြူ၊ အနီ၊ အဝါ စသည်ဖြင့် ဆေးဆိုးထားသကဲ့သို့ ရှိနေတတ်ပေရာ သထုံရွှေစာရံဘုရားပွဲတော်ပရိသတ်မှုကား မြူအလိမ်းလိမ်းမကပ်ဘဲ သပ်ရပ်သန့်ရှင်းစွာရှိနေကြခြင်းကို တွေ့ရပေသည်။ ပွဲဈေးတန်းသို့ လျှောက်သွားသောအခါ မန္တလေးမြို့မှ ဈေးရောင်းလိုက်လာကြသည့် ပိုးကုန်သည်များအနက်တွင် စံဒေဝီကို ပိုးဖော်ပန်းဖက်ဖြစ်ခဲ့ဖူးသည့် သူငယ်ချင်းများလည်း စိတ်ထဲတွင် ပေါ်လာပါသေးသည်။ စံဒေဝီ၏ထူးခြားချက်တစ်ခုမှာ ၎င်းအားပိုးပန်းကြသော ကာလသားများသည် တစ်ယောက်နှင့်တစ်ယောက် ခိုက်ရန်ဖြစ်ပွားခြင်းမရှိ။ ဘုရားပွဲများသို့အတူလိုက်ကြပြီး အတူပိုးပန်းကြ၍ ကြိုက်သူယူစတမ်းဆိုသကဲ့သို့ နားလည်မှုရှိကြလေသည်။ စံဒေဝီနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်က တစ်စုံတစ်ရာချီးမွမ်းလိုက်သည်ဆိုလျှင် အတူပိုးပန်းကြသည့် ကာလသားများမှာ မျက်နှာပျက်ခြင်းမရှိဘဲ လှိုက်လှဲစွာထောက်ခံကြလေသည်။ စံဒေဝီကို အတူပိုးပန်းရာ၌ ကျွန်ုပ်နှင့် အထူးတလည်ချစ်ခင်သည့် ကိုသန္တိအမည်ရှိ သူငယ်ချင်းတစ်ယောက်ရှိရာ သူနှင့်ကျွန်ုပ် ချစ်ခင်ကြပုံကိုမြင်ရသောလူကြီးများက "ဒီလူငယ်နှစ်ယောက်ဟာ ဆန်းလှချေကလား၊ မိန်းကလေးတစ်ယောက်

**"အညာဒေသ၌ကျင်းပသည့် တပေါင်းပွဲတော်များအားလုံးမှာ ဖုန်တထောင်းထောင်းထလျက်ရှိကြ၍ ပွဲတော်လာပရိသတ်များမှာ မျက်တောင်၊ မျက်ခုံးနှင့် ဆံပင်များသည် (မြေခံအလိုက်) အဖြူ၊ အနီ၊ အဝါ စသည်ဖြင့် ဆေးဆိုးထားသကဲ့သို့ ရှိနေတတ်ပေရာ သထုံရွှေစာရံဘုရားပွဲတော်ပရိသတ်မှုကား မြူအလိမ်းလိမ်းမကပ်ဘဲ သပ်ရပ်သန့်ရှင်းစွာရှိနေကြခြင်းကို တွေ့ရပေသည်။ ပွဲဈေးတန်းသို့ လျှောက်သွားသောအခါ မန္တလေးမြို့မှ ဈေးရောင်းလိုက်လာကြသည့် ပိုးကုန်သည်များအနက်တွင် စံဒေဝီကို ပိုးဖော်ပန်းဖက်ဖြစ်ခဲ့ဖူးသည့် သူငယ်ချင်းများလည်း စိတ်ထဲတွင် ပေါ်လာပါသေးသည် . . ."**

ကို နှစ်ယောက်အတူတူယူကြမယ်လို့ထင်တယ်" ဟူ၍ပင် ပြောတတ်ကြလေသည်။ ကိုသန္တိမှာ ကျွန်ုပ်နှင့် အိမ်နီးချင်း သူငယ်ချင်းတစ်ယောက်လည်းဖြစ်ပေရာ တစ်ယောက်အပေါ်၌တစ်ယောက် မည်မျှလောက်ချစ်ခင်ကြင်နာမှုရှိကြပါသနည်းဟူမူ ကျွန်ုပ်တို့ နှစ်ယောက်စလုံးက စံဒေဝီကို မိမိမရလျှင် သူနှင့်သာရစေလို၏။ ဤစိတ်ထားမှာ ရယ်စရာလည်းမဟုတ်၊ လွယ်ကူသောအခြင်းအရာလည်း မဟုတ်ချေ။ ခင်မင်ကြပုံကို ဥဒါဟရုဏ်တစ်ခုဆောင်ပြရသော် စံဒေဝီ၏အမေကြီးက ကျွန်ုပ်အား လှည့်စားသကဲ့သို့ ပြုမူသောအချိန်များတွင် ကိုသန္တိသည် အမေကြီး၏ မယုံကြည်ရသောစိတ်နေသဘောထားအကြောင်းကို ကျွန်ုပ်အား သတင်းပေးဖူးလေပြီ။ ကိုသန္တိက "အမေကြီးပြောတိုင်း မယုံနဲ့ဗျနော်။ ကြံစရာရှိလျှင် ကြံ၊ နို့မို့ လက်လွတ်သွားမယ်" ဟု ပြောဖူးပေသည်။ ဤစကားကိုပြောစဉ်၌ ကိုသန္တိမှာ မိဘဂုဏ်ရည်အဆင့်အတန်း နိမ့်ကျသူတစ်ယောက်မဟုတ်သော်လည်း အင်္ဂလိပ်ကျောင်းမှ ဘာအတန်းမျှမအောင်ဘဲ တေလေကြမ်းပိုးလုပ်နေသဖြင့် သူ့အဖို့ မျှော်လင့်ချက်ကင်းဝေးနေသည့် အခိုက်အတန့်ဖြစ်လေသည်။ တစ်ခါက မိတ္ထီလာမြို့သို့ သွားနေသည့် စံဒေဝီတို့နောက်သို့ ကျွန်ုပ်တို့နှစ်ယောက် အတူတကွလိုက်ကြပုံကို ဖော်ပြရလျှင် 'လူရူးကလေးနှစ်ယောက်' ဟု ခေါ်ဆိုကြပေလိမ့်မည်။ "ငါ့ကိုမကြိုက်လျှင် သူနှင့်ရပါစေ" ဟူသော စိတ်ထားမှာ ကျွန်ုပ်တို့ နှစ်ယောက်စလုံး၌ ရိုးသားစွာစွဲကပ်လျက်ရှိ၏။ ကိုသန္တိမှာ စံဒေဝီသေဆုံးသည့် နောက်များမကြာမီအတွင်း ကွယ်လွန်ရှာလေရာ ထိုသူအသက်ရှင်လျက်ရှိသေးပါလျှင်လည်း ကျွန်ုပ်နှင့် အခင်မင်ဆုံးသော သူငယ်ချင်းဖြစ်မည်မှာ သေချာလှသည်။

**အမြန်ဆုံးသော ဝတ္ထု**

ပွဲဈေးတန်း၌ နံနက်စာစားခဲ့ပြီးနောက် ကျွန်ုပ်သည် အိမ်သို့ပြန်လာခဲ့၍ တစ်ရေးမျှအိပ်ပြီးလျှင် ရှောလမုန်သိုက်ဝတ္ထုကို အကြိတ်အနယ်ရေးပါတော့သည်။ ကျွန်ုပ်ရေးခဲ့သမျှသော ဝတ္ထု (ဘာသာပြန်) များအနက်တွင် ဤဝတ္ထုမှာ အမြန်ဆုံးဖြစ်၏။ တော်အောင်လျော်အောင် သော့ချသောကြောင့် လျင်မြန်ခြင်းမဟုတ်ရပါ။ တစ်အိမ်လုံးတွင် တစ်ယောက်တည်းရှိနေသဖြင့် အနှောင့်အယှက်ကင်းသည့်အပြင် ဤအလုပ်ကိုမလုပ်လျှင် တခြားဘာမှလည်း လုပ်စရာမရှိသဖြင့် အပြင်သို့ ခဏတစ်ဖြုတ်ထွက်သောအချိန်မှတစ်ပါး အလုပ်ခွင်၌ ထိုင်နေသောကြောင့်ဖြစ်ပါသည်။ လက်ဖက်ရည်ကြမ်းအတွက် အခက်အခဲကိုမူ ဓာတ်ဘူးတစ်လုံးဝယ်၍ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ချဉ်းကပ်ခြင်းအားဖြင့် ဖြေရှင်းနိုင်ပါသည်။ ကိုယ့်အိမ်၌ကိုယ် အလုပ်လုပ်ရသည့်အခါ အချိုအချဉ်စားစရာလေးများနှင့်ပတ်သက်၍ အိမ်ရှင်မအား ဒုက္ခပေးခြင်း၊ ယောက်ဖလေးများနှင့် တပည့်လေးများအား ခါးကြိတ်ခိုင်းခြင်း စသည်ဖြင့် ဇိမ်လေးများရှာမိပေရာ တစ်ယောက်တည်းနေရသော ထိုရက်များ၌မူ မည်သူ့အပေါ်မျှ နွဲ့ရန်မရှိဘဲ တစ်ယောက်တည်း ကျုံးရေးသဖြင့် တွင်လိုက်သည့်အလုပ်မှာ ကိုယ့်ဟာကိုယ် အံ့ဩမိပါသေးသည်။ နေ့အချိန်တွင်သာမက ညအချိန်များတွင်လည်း ဖယောင်းတိုင်မီးဖြင့် အလုပ်လုပ်ပါသေးသည်။ (ထိုစဉ်က ဖိုးထူးတို့၏အိမ်တွင် ဓာတ်မီးသွယ်ပြီးပြီဟူ၍ကားထင်၏။ သို့သော် ဖယောင်းတိုင်လေးတိုင်ထွန်း၍ အလုပ်ထိုင်လုပ်ခဲ့ခြင်းကိုလည်း မှတ်မိသည်။)

**အလိုလိုက်ချင်တတ်သော ဝါသနာ**

နေဝင်စအချိန်တွင် ကျွန်ုပ်သည် အိမ်တံခါးကိုသော့ခတ်၍ ညစာစားရန် ဈေးဘက်သို့ထွက်လာခဲ့၏။ ဘုရားပွဲဈေးတန်းကြီးမှာ စည်ကားလွန်းသောကြောင့် ဈေးဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်၏။ အမှန်မှာ အကြံကလေးတစ်ခုလည်းရှိသောကြောင့်ဖြစ်သည်။ ညနေပိုင်းတွင် ရှောလမုန်သိုက်ဝတ္ထုကိုဘာသာပြန်ရင်း ပီမိုးနင်းနှင့်ကိုသိန်းဖေတို့နှစ်ယောက်ကို ဘွားခနဲသတိရမိ၏။ ပီမိုးနင်းမှာ လွန်ခဲ့သော သုံးနှစ်ခန့်လောက်က (၁၉၃၈ ခုနှစ်) ကွယ်လွန်ရှာပြီဖြစ်ရာ ကိုသိန်းဖေကမူ ရှိသေး၏။ သူတို့နှစ်ယောက်ကို သတိရသည်ဆိုလျှင် သူတို့နှင့်အတူတကွ ပျော်ပါးဖူးသည့် အခြင်းအရာများကိုပါ သတိရခြင်းသည် စိတ်၏သဘာဝဖြစ်၏။ သို့ဖြစ်၍ ဈေးအနီး၌ရှိသော ကုလားကွမ်းယာဆိုင်ကလေးသို့ချဉ်းကပ်ကာ ဘီဒီတစ်မူးဖိုးဝယ်၏။ ကုလားက ဘီဒီဆယ်လိပ်ထုတ်ပေးရာ ကျွန်ုပ်က မျက်နှာတစ်မျိုးနှင့် ကြည့်လျက် "ယေးနိမ်းမန်ကတား၊ ဒွတ်စရားဟဲ" ဟုပြောလိုက်ရာ ကုလားသည် ကျွန်ုပ်၏မျက်နှာကို တစ်ချက်လှမ်းကြည့်ရုံဖြင့်နားလည်၍ တခြားဘီဒီနှစ်လိပ်ကို ထုတ်ပေးလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## သထုံမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေးခြင်းနှင့် မျိုးစပါးပေးအပ်ပွဲကျင်းပ

သထုံ မေ ၂၉

မွန်ပြည်နယ် သထုံမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား တောင်သူနည်းပညာပေးဆွေးနွေးခြင်းနှင့် မျိုးစေ့ထုတ်တောင်သူများအတွက် RS မျိုးစပါးများ ပေးအပ်ပွဲကို မေလ ၂၉ ရက်တွင် လိပ်အင်းရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးက သထုံမြို့နယ်အတွင်း မိုးစပါးများအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းဆင့်က တောင်သူနည်းပညာပေးဆွေးနွေးပွဲနှင့် RS မျိုးစပါးများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သထုံမြို့နယ်အတွင်း မိုးစပါး(RS-CS)မျိုးစေ့ထုတ်တောင်သူများ၏စံပြစိုက်ကွက်ဧက ၅၀ အတွက် ပေါ်ဆန်းရင် RS မျိုးသန့်မျိုးစပါးတစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် စပါးတင်း ၅၀ ပေးအပ်ရာ တောင်သူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောခင်ကျော်မြင့်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူနည်းပညာပေးဆွေးနွေးပြောကြားပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ချမ်းမြေ့

## အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးအောင်မင်းဦးအား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးအောင်မင်းဦးအား အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

မြဝတီ

# လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး(၃/၂၀၂၅)သို့ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၉

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၃/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့်တက်ရောက်ကြသည်။




ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားစနစ်အတွင်း အခြေခံအဆောက်အဦ (Infrastructure) အချို့ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့မှုကို အချိန်တိုအတွင်း ဓာတ်အားပြန်လည်ရရှိရေး အမြန်ဆောင်ရွက်ပေးခဲ့ကြသည့် လျှပ်စစ်ဝန်ထမ်းများကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း။

စွမ်းအင်ကဏ္ဍအနေနှင့်လည်း လက်ရှိထုတ်လုပ်ဆဲရေနံမြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်ရန် ပံ့ပိုးဆောင်ရွက်နေကျနည်းလမ်းများအပြင် အေအိုင်(AI)၊ Water Flooding နှင့် Hydraulic Fracturing ကဲ့သို့ နည်းပညာများ အသုံးပြုနိုင်ရန် ကြိုးပမ်းနေကြောင်း၊ Standard Well စနစ်အကောင်အထည်ဖော်ရန်ဆောင်ရွက်နေသည်များအပြင် ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း ဆောလျင်စွာ စတင်နိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေနှင့် အဖျောက်သဘာဝဓာတ်ငွေ့မြေနှင့် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများရှိ တွင်းဟောင်းများ၏ ပါးလွှာသဲကြောများကို သုတေသနပြုစမ်းသပ်ထုတ်လုပ်ခဲ့ရာ နေ့စဉ် သဘာဝဓာတ်ငွေ့နှင့်ရေနံများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုလို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ရှိသူအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း။

ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက Academic Institution များနှင့် Oil and Gas Industry တို့အကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ခဲ့ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ကျင့်သုံးဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ရသည်ဖြစ်၍ ဥပဒေမူဘောင်ဝိုင်းမှာရန်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စာချုပ်များချုပ်ဆိုရာတွင် နိုင်ငံတော်အနေနှင့် နစ်နာမှုမရှိစေရန် အရေးကြီးပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပေးနိုင်ပြီး လက်ရှိကာလနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးရန်၊ ဌာနများ၏ လုပ်ထုံးလုပ်နည်းများတွင်လည်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် နှောင့်နှေးကြန့်ကြာမှုရှိနိုင်သည်များကို စိစစ်သုံးသပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြည်သူများအနေဖြင့် ဓာတ်အားသုံးစွဲရာတွင် အဆင်ပြေပြီး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ အရည်အသွေးကောင်းမွန်စိတ်ချရစေရေး၊ တာရှည်ခံနိုင်စေရေးနှင့် ပတ်ဝန်းကျင်အန္တရာယ် မဖြစ်စေရေးတို့အတွက် တင်သွင်းရောင်းချတပ်ဆင်ကိုင်တွယ်သုံးစွဲခြင်း၊ လုပ်ထုံးလုပ်နည်းဥပဒေ(SOP)ကို အမြန်ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍လည်း ကမ်းလွန်စီမံကိန်းအသစ်များသည် နိုင်ငံတော်၏ အနာဂတ်စွမ်းအင်ကဏ္ဍအတွက် အရေးပါသည့်စီမံကိန်းများဖြစ်၍ သတ်မှတ်ထားသည့် Timeline များအတိုင်း တွန်းအားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းများ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်ပြီး ကြုံတွေ့လာရသည့်အခက်အခဲများရှိပါက ဆောလျင်စွာ တင်ပြသွားရန်တိုက်တွန်းမှာကြားလိုကြောင်း။

အလားတူ သန်လျင်ရေနံချက်စက်ရုံ အဆင့်မြှင့်တင်ခြင်း စီမံကိန်းအပါအဝင် ရေနံဓာတုဗေဒစက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပိုက်လိုင်းကွန်ရက်အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း စီမံချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သဘာဝဓာတ်ငွေ့အသုံးပြုသည့်စက်များ၊ ပစ္စည်းကိရိယာ (Machinery and Equipment)များ၏စွမ်းရည် (Efficiency) တိုးမြင့်လာရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း/ စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ကော်မရှင်အတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးတို့က ကော်မရှင်အစည်းအဝေး (၂/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များက လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေးချက်များကိုတင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး မြေနေရာလိုအပ်ချက်ကို အလွယ်တကူ ရွေးချယ်အသုံးချနိုင်ရေးအတွက် မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စီမံကိန်းဆောင်ရွက်နိုင်သည့်မြေနေရာများတွင် စီမံကိန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိသည့် လုပ်ငန်းရှင်၊ ရင်းနှီးမြှုပ်နှံလိုသူများလာရောက်ပါက လိုအပ်သည်များကို ပံ့ပိုးကူညီပေးစေလိုကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို ကာလလတ်/ ကာလရှည်စီမံကိန်းများအဖြစ် အကောင်အထည်ဖော်စီမံဆောင်ရွက်သွားရမည်ဖြစ်ရာ နည်းပညာပိုင်းနှင့် စာချုပ်စာတမ်းပိုင်းများတွင် အားနည်းချက်များ၊ လိုအပ်ချက်များမရှိစေရအောင်ယခုကတည်းက သက်ဆိုင်ရာ ဝါရင့်ဥပဒေပညာရှင်များ၊ နည်းပညာရှင်များနှင့် စိစစ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ စက်မှုဇုန်များနှင့် စိုက်ပျိုးမွေးမြူရေးဇုန်များတွင် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို အနီးဝန်းကျင်နှင့် ဆက်စပ်မြေနေရာများတွင် တည်ဆောက်ကြပြီး ဓာတ်အားရယူသုံးစွဲနိုင်ရေး တိုင်းဒေသကြီး /ပြည်နယ်ဝန်ကြီးချုပ်များက စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ သဘာဝဓာတ်ငွေ့သုံးစွဲမှုအပိုင်းတွင် ပိုက်လိုင်းစနစ်များ၊ စက်ပစ္စည်းများ သုံးစွဲမှုကာလကြာမြင့်မှုများကြောင့်စွမ်းရည်ကျဆင်းမှု၊ ပျက်စီးမှု၊ လေလွင့်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရေးကို ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပွင့်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပွင့်ဖြူ မေ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေလ ၂၈ ရက်က ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာ မိုးကုတ်ရိပ်သာဝင်းအတွင်းရှိ မြေကွက်လပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမြင့်ဦးက ဒေသတွင်း ရာသီဥတုဂေဟစနစ်များ ကောင်းမွန်စေရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အတွက် အရိပ်ရပင်များ အကောင်အထည်ဖော် စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ ယခုစိုက်ပျိုးမည့်အရိပ်ရပင်များကို ရှင်သန်ကြီးထွားအောင် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းပြီး ပြုစုထိန်းသိမ်းကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက မိုးကုတ်



ရိပ်သာဝင်းအတွင်းရှိ မြေကွက်လပ်၌ ကျွန်းပင် ၁၅၀၊ မည်စည်ပင် ၅၀ စုစုပေါင်း အရိပ်ရပျိုးပင် ၂၀၀ ကို သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ခေါင်းလျှော်ရည်နှင့်ဆပ်ပြာအမျိုးမျိုး လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

ညောင်ဦး မေ ၂၉


မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် ခေါင်းလျှော်ရည်နှင့်ဆပ်ပြာအမျိုးမျိုး လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းကို မေလ ၂၉ ရက်တွင် ညောင်ဦးမြို့ရှိ ခရိုင်လူထုအခြေပြု ဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရည်မွန်သူက ခေါင်းလျှော်ရည်နှင့်ဆပ်ပြာအမျိုးမျိုး လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာထွန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ညောင်ဦးခရိုင်အတွင်း တစ်နိုင်တစ်ပိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ဌာနအနေဖြင့် နည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းများပေါ်ထွန်းလာပါက မှတ်ပုံတင်များဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခေါင်းလျှော်ရည်နှင့်ဆပ်ပြာအမျိုးမျိုး လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းတွင် အသုံးပြုမည့်ပစ္စည်းများကို လက်တွေ့ရှင်းလင်းပြသပြီး သင်တန်းသား၊ သင်တန်းသူများအား ခေါင်းလျှော်ရည်နှင့်ဆပ်ပြာအမျိုးမျိုးပြုလုပ်မည့်ပစ္စည်းများကိုပေးအပ်ကာ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြသည်။ အဆိုပါသင်တန်းကို မေလ ၂၉ ရက်မှ ဇွန်လ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| စစ်တွေ | (၄.၈၈)လက်မ |
| ဟုမ္မလင်း | (၄.၁၃)လက်မ |
| ပဲခူး | (၃.၇၀)လက်မ |
| ဟားခါး | (၃.၁၁)လက်မ |
| ခရမ်း | (၂.၉၅)လက်မ |
| ခန္တီး | (၂.၉၅)လက်မ |
| ညောင်တုန်း | (၂.၈၀)လက်မ |
| ပန်းတနော် | (၂.၇၈)လက်မ |
| သထုံ | (၂.၆၀)လက်မ |
| ဝါးခယ်မ | (၂.၅၆)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်လေးပင် | ၃၅ °C |
| ကော့ကရိတ် | ၃၄.၆ °C |
| ဇလွန် | ၃၄ °C |
| ကိုကိုးကျွန်း | ၃၃.၈ °C |
| ဓနုဖြူ | ၃၃.၆ °C |
| ရန်ကုန်(ကမ္ဘာအေး) | ၃၃ °C |
| မအူပင် | ၃၃ °C |
| ဖျာပုံ | ၃၂.၇ °C |
| ကျောက်ဆည် | ၃၂.၆ °C |
| ဟသ်ာတ | ၃၂.၆ °C |
| ပုသိမ် | ၃၂.၆ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၂၈ |
| ရှမ်း(မြောက်) | ၂၂ | ၂၉ |
| ရှမ်း(အရှေ့) | ၂၄ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၆ |
| ချင်း | ၁၅ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၁ | ၂၈ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၂ |
| နေပြည်တော် | ၂၃ | ၃၀ |
| မန္တလေး | ၂၅ | ၃၂ |
| မကွေး | ၂၃ | ၂၉ |
| ရခိုင် | ၂၃ | ၃၂ |
| ပဲခူး | ၂၃ | ၃၂ |
| ရန်ကုန် | ၂၆ | ၃၄ |
| ဧရာဝတီ | ၂၇ | ၃၄ |
| ကယား | ၁၉ | ၂၆ |
| ကရင် | ၂၃ | ၃၁ |
| မွန် | ၂၂ | ၂၈ |
| တနင်္သာရီ | ၂၂ | ၃၁ |

# ကျုံပျော်မြို့နယ်မှထွက်ရှိသည့် ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်မှထွက်ရှိသည့် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်၌ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးအေးသူ၏ပြောဆိုချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် မေလပထမပတ်မှစ၍ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကထွက်ရှိတဲ့ ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ မေလပထမပတ်လောက်ကစပြီး အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပြီး ဈေးကောင်းရရှိနေပါတယ်။ လက်ရှိ ဒေသတွင်းမှာ ပဲလွမ်းဖြူအသစ်တွေမထွက်သေးပါဘူး။ ပဲလွမ်းဖြူက ဆောင်းသီးနှံတွေရိတ်သိမ်းချိန်မှာ အထွက်များပါတယ်"ဟု ဒေါ်အေးအေးသူကပြောသည်။

အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပါအဝင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး စသည့်ဒေသထွက်ကုန်များကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျုံပျော်မြို့နယ်၌ ပဲလွမ်းဖြူများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာပြီး စိုက်ပျိုးတောင်သူများ အဆင်ပြေစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ ကျဆင်းစေကာ ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်)ထယ်ထိုး ထည့်သွင်းပွဲကျင်းပ

မော်လမြိုင်ကျွန်း မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်) ထယ်ထိုးထည့်သွင်းပွဲ အခမ်းအနားကို မေလ ၂၈ ရက်က ဝဲဒေါင့်ကျေးရွာအုပ်စု ဝဲဒေါင့်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းအောင်သန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဝဲဒေါင့်ကျေးရွာ ကွင်းအမှတ် (၁၁၆၈-ခ) ဦးပိုင်အမှတ်(၁၄/၅) တောင်သူ ဦးမြင့်ဇော်၏ လယ်ငါးကေ၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) ထယ်ထိုးထည့်သွင်းခြင်းကို ကြည့်ရှုအားပေးကြသည်။

သစ်စိမ်းမြေသြဇာအများစုသည် ပဲမျိုးနွယ်ဝင်အပင်များဖြစ်ပြီး သစ်ဆွေးဓာတ်ပျမ်းမျှ ၆၅ ရာခိုင်နှုန်းခန့် ပါဝင်သဖြင့် ဆွေးမြည့်မှုမြန်ကာ မြေတွင် အဓိကနိုက်ထရိုဂျင်ဓာတ်နှင့် သစ်ဆွေးဓာတ်များ ရရှိစေခြင်း၊ မိုးစပါးမစိုက်ပျိုးမီအချိန်တွင် ထည့်သွင်းစိုက်ပျိုးရသဖြင့် အကြောင်းအမျိုးမျိုးကြောင့် အပင်အာဟာရများ မဆုံးရှုံးစေဘဲ သစ်စိမ်းမြေသြဇာပင်မှ အပေါ်ယံနှင့် မြေအောက်လွှာများပါ အပင်အာဟာရဓာတ်များ မြေအတွင်း ပြန်ထည့်ပေးရာရောက်သဖြင့် အာဟာရဓာတ်များ မဆုံးရှုံးစေခြင်း၊ မြေအောက်မှ အာဟာရဓာတ်များကို မြေပေါ်သို့ပြန်တင်ပေးနိုင်ခြင်း၊ သစ်စိမ်းမြေသြဇာများ ကျွေးပေးခြင်းကြောင့် မြေတွင် သစ်ဆွေးဓာတ်ကြွယ်ဝလာသဖြင့် မြေဆီလွှာဖွဲ့စည်းမှု၊ ရေထိန်းသိမ်းနိုင်မှု၊ လေဝင်လေထွက်မျှတမှုကောင်းစေပြီး စိုက်ပျိုးထားချိန်တွင် မြေကို အကာအကွယ်ရရှိစေသဖြင့် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ရာရောက်ခြင်း၊ သစ်စိမ်းမြေသြဇာပင်များသည် ကြီးထွားမှုမြန်ပြီး အချိန်တိုအတွင်း မြေပေါ်သို့ ဖုံးလွှမ်းနိုင်သဖြင့် သစ်စိမ်းမြေသြဇာပင်များပေါက်နေချိန်တွင် ပေါင်းနှိမ်နင်းပေးရာရောက်စေကာ တချို့သစ်စိမ်းမြေသြဇာပင်၏အမြစ်မှ ပေါင်းသေစေနိုင်သော စစ်ထုတ်ရည်များ ထုတ်လုပ်ပေးနိုင်သဖြင့် နောက်စိုက်သော အဓိကသီးနှံတွင် ပေါင်းသက်သာစေခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုအားကောင်းသဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချနိုင်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို အထိုက်အလျောက် ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

# မြေဆီလွှာ အာဟာရတိုးတက်ရေး နည်းလမ်းမှန်များအသုံးချပေး

သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် မြေဆီလွှာ၏ အာဟာရဓာတ်အခြေအနေကိုသိရှိထားရန် လိုအပ်သည်။ သို့မှသာ မိမိမျှော်မှန်းထားသော ပန်းတိုင်အထွက်ကိုရရှိနိုင်မည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေအများစု၌ သစ်ဆွေးဓာတ်ပါဝင်မှုမှာ ၂ ရာခိုင်နှုန်းအောက် ဖြစ်နေသည်ကိုတွေ့ရှိရသည်။ ထိုသို့ သစ်ဆွေးဓာတ်နည်းပါးရခြင်းသည် သဘာဝမြေဩဇာများဖြစ်ကြသော တိရစ္ဆာန်အညစ်အကြေးများ၊ သစ်ရွက်ဆွေး၊ မြေဆွေး၊ မြေဩဇာများနှင့် သီးနှံပင်အကြွင်းအကျန်များအား ပြန်လည်ထည့်သွင်းမှုနည်းပါးခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ပြင် သီးနှံအထွက်နှုန်းတိုးတက်စေရန် ဓာတ်မြေဩဇာများအား လိုအပ်သောပမာဏကို အချိန်ကိုက်အချိုးကျထည့်သွင်းရမည်။ ထိုသို့မထည့်သွင်းဘဲ စိုက်ပျိုးမှုများလာပါက သီးနှံပင်များမှ မြေဆီလွှာအတွင်းရှိ နဂိုရှိရင်းစွဲ အာဟာရဓာတ်များအား နုတ်ယူသုံးစွဲသွားသဖြင့် မြေတွင် အာဟာရဓာတ်ကုန်ခန်းလာသည်။ အကျိုးဆက်အနေဖြင့် သီးနှံပင်များ၏ အထွက်နှုန်းများကျဆင်းလာသည်။ သို့ဖြစ်ပါ၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ရေးအတွက် မြေဆီလွှာအာဟာရဓာတ် တိုးတက်ကောင်းမွန်စေနိုင်သည့် အောက်ပါနည်းလမ်းများကို အသုံးချပေးသင့်ပါသည်။





**သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်း**

ယခုအခါ ဓာတ်မြေဩဇာရှားပါးပြီး အဆမတန်ဈေးကြီးလာသော အခြေအနေတွင် စိုက်ပျိုးသူတောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်နှင့် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းကို တောင်သူများ လက်တွေ့အသုံးချစိုက်ပျိုးသင့်သည်။

**ကောက်ရိုးအား ပြန်လည်အသုံးချခြင်း**

စပါးသီးနှံရိတ်သိမ်းပြီးနောက် ကောက်ရိုး ရိုးပြတ်များကို ထယ်ထိုးမြေမြှုပ်ပေးခြင်းဖြင့် သစ်ဆွေးဓာတ်ပါဝင်မှုတိုးလာကာ မြေဆီလွှာအာဟာရဓာတ်နှင့် သီးနှံထုတ်လုပ်မှုကို တိုးတက်စေခြင်း၊ မြေနှင့်ရေတိုက်စားမှုအား လျော့ကျစေခြင်း၊ အာဟာရဓာတ်များ ရေစီးကြောင်းဖြင့် တိုက်စားသွားခြင်းနှင့် မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးသွားခြင်းတို့အား လျော့ကျသွားစေသော အကျိုးသက်ရောက်မှုရှိသည်။ ထို့ပြင် ကောက်ရိုးများကို သီးနှံများစိုက်ပျိုးရာ၌ မြေဖုံးပစ္စည်းအဖြစ် အသုံးချခြင်းဖြင့် ရေငွေ့ပြန်မှုကိုလျှော့ချနိုင်ခြင်း၊ မြေဆီလွှာအစိုဓာတ်ကိုထိန်းသိမ်းခြင်း၊ ပေါင်းမြက်ပေါက်ရောက်မှုကို ဟန့်တားနိုင်ခြင်း၊ ရေရှည်တွင် မြေဆီလွှာအာဟာရဓာတ်နှင့် သစ်ဆွေးဓာတ်ပါဝင်မှုကို တိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိစေနိုင်၍ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးထုတ်လုပ်မှုကို ဦးတည်စေနိုင်မည်ဖြစ်သည်။

**သီးထပ်၊ သီးညှပ်သီးနှံပုံစံတွင် ပဲမျိုးစုံထည့်သွင်းစိုက်ပျိုးခြင်း**

မြေတစ်နေရာတည်း၌ နှစ်စဉ်သီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်ပျိုးခြင်းကြောင့် မြေထဲရှိအာဟာရဓာတ်များ လျော့နည်းလာတတ်သဖြင့် မြေဆီလွှာအာဟာရဓာတ်ထိန်းသိမ်းရန် သီးနှံပုံစံ (သီးထပ်၊ သီးညှပ်) များတွင် ပဲမျိုးစုံသီးနှံအား ထည့်သွင်းစိုက်ပျိုးပေးသင့်သည်။ သုတေသနတွေ့ရှိချက်အရ စပါး-ပဲ-စပါး သီးနှံပုံစံတွင် မိုးစပါးအပြီး မိုးနှောင်းတွင်စိုက်ပျိုးခဲ့သော ပဲသီးနှံ၏အရိုးအမှော်များ မြေဆီလွှာတွင် ပြန်လည်ထည့်သွင်းထယ်ထိုးမြေမြှုပ်ပေးခြင်းသည် နွေစပါးအတွက် အထောက်အကူဖြစ်စေပြီး မိုးနှောင်းမြေလှုပ်ထားခြင်းထက် စပါးအထွက် ၅-၁၀ ရာခိုင်နှုန်းပိုသည်ကို တွေ့ရှိခဲ့ရသည်။

**ပြောင်းရိုးအား ဘိုင်အိုချာပြုလုပ်သုံးစွဲခြင်း**

ဘိုင်အိုချာသည် သဘာဝစွန့်ပစ်ပစ္စည်းများနှင့် သီးနှံအကြွင်းအကျန်များကို အပူပေးလောင်ကျွမ်းစေခြင်းမှရရှိလာသော ကာဗွန်ကြွယ်ဝသည့် ကွန်ပေါင်းတစ်ခုဖြစ်ပြီး မြေဆီအာဟာရဓာတ်ကိုလည်း တိုးတက်ကောင်းမွန်စေသည်။ ပြောင်းရိုးဘိုင်အိုချာကို အသုံးပြုခြင်းဖြင့် အာဟာရဓာတ်ဆုံးရှုံးမှုတို့ကို လျော့နည်းစေနိုင်ပြီး သီးနှံစိုက်ပျိုးရာတွင် မြေခံအဖြစ် ထည့်သွင်းအသုံးပြုနိုင်သည်။ ဘိုင်အိုချာကို သင့်လျော်သော ဓာတ်မြေဩဇာများနှင့်ရောစပ်အသုံးပြုခြင်းဖြင့် သီးနှံကြီးထွားဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေနိုင်သည်။

**စပါးခွံဖွဲပြာ ထည့်သွင်းအသုံးပြုခြင်း**

အချဉ်ဘက်ယိုင်သောမြေများတွင် စပါးခွံများကို လောင်ကျွမ်းသွားအောင် မီးရှို့ခြင်းမပြုဘဲ မည်းသွားရုံသာ မီးလောင်စေ၍ ထိုစပါးခွံဖွဲပြာကို ၁ ဧက ၅ တန်နှုန်း ထည့်ပေးခြင်းဖြင့် သုတေသနတွေ့ရှိချက်အရ စပါးအထွက် ၅ ရာခိုင်နှုန်းပိုစေသည်။ ထို့ပြင် စပါးခွံဖွဲပြာကို ၁ ဧက ၅ တန်နှုန်း သုံးရာသီဆက်တိုက်ထည့်သွင်းသုံးစွဲပါက မြေ၏ချဉ်ငန်ဓာတ်မှာ ၄ ဒသမ ၈၃ မှ ၅ ဒသမ ၂၄ ထိ တိုးလာခြင်းနှင့် မြေသားဖွဲ့စည်းမှုကောင်းပြီး အပင်စားသုံးနိုင်သော ဖော့စဖရပ်နှင့် ပိုတက်စီယမ်ဓာတ်များလည်း တိုးတက်စေသည်။

**မြေဆွေးပုံပြုလုပ်သုံးစွဲခြင်း**

မြေဆွေးပုံပြုလုပ်သုံးစွဲပေးခြင်းဖြင့် ဓာတ်မြေဩဇာလိုအပ်မှုအား လျှော့ချနိုင်ခြင်း၊ မြေဆီလွှာအတွင်း အာဟာရဓာတ်များအား ဖြည့်တင်းပေးနိုင်ပြီး မြေအစိုဓာတ်ကိုလည်း ထိန်းသိမ်းပေးနိုင်ခြင်း၊ သစ်ဆွေးဓာတ်များကို အမြန်ဆွေးမြည့်စေရန် လုပ်ဆောင်ပေးသည့် မြေဆီလွှာအတွင်းရှိ အကျိုးပြုအဏုဇီဝသက်ရှိများ ပွားများလာမှုကို အားပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကိုလည်း ထိန်းသိမ်းပေးခြင်းစသည့် အကျိုးကျေးဇူးများရရှိစေသည်။

**နှမ်းရိုးများအား စပါးစိုက်ခင်းအတွင်းသို့ ပြန်လည်ထည့်သွင်းခြင်း**

နှမ်းရိုးများသည် ပိုတက်စီယမ်ဓာတ်ကြွယ်ဝသည်။ စပါးစိုက်ခင်းများအတွင်းတွင် နှမ်းရိုးများကို ရေထဲသို့ နင်းမြှုပ်ပေးခြင်းဖြင့် နှမ်းရိုးထဲရှိ ပိုတက်စီယမ်ဓာတ်များသည် အပင်စားသုံးနိုင်သည့်ပုံစံဖြင့် ထွက်ရှိလာနိုင်ပြီး စပါးပင်များမှ တိုက်ရိုက်စုပ်ယူစားသုံးနိုင်သည်။ ထို့ကြောင့် စပါးယိုင်လဲမှု လျော့နည်းစေခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိလာခြင်း၊ အမြစ်ဖွဲ့စည်းပုံအားကောင်းလာခြင်း၊ အစေ့အဆန်များ ပြည့်ဖြိုးအောင်မြင်လာခြင်းတို့ကြောင့် အထွက်နှုန်းတိုးတက်လာ၍ အရည်အသွေးကောင်းမွန်ခြင်းစသော အကျိုးကျေးဇူးများရရှိစေသည်။

**ပဲမြစ်ဖုဇီဝမြေဩဇာများနှင့် ထရိုင်ခိုဒါးမားမှိုအား သုံးစွဲပေးခြင်း**

မြေမှ နိုက်ထရိုဂျင်ဓာတ်လျော့ပါးမှုကို ကာကွယ်ရန်နှင့် ပဲပင်အတွက် လိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို အကျိုးရှိစွာ ဖြည့်ဆည်းပေးနိုင်ရန် ပဲမြစ်ဖုဇီဝမြေဩဇာများကို ထည့်သွင်းသုံးစွဲပေးနိုင်သည်။ ပဲမျိုးစုံသီးနှံတွင် ပဲမြစ်ဖုဇီဝမြေဩဇာအသုံးပြုခြင်းဖြင့် မြေဆီလွှာတွင် နိုက်ထရိုဂျင်ဓာတ် ဖြည့်စွမ်းပေးခြင်း၊ အပင်များကြီးထွားမှုကို အားပေးခြင်း၊ မြေဆီလွှာအာဟာရဓာတ်ကို ထိန်းပေးခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ အပင်ကြီးထွားမှုကိုအားပေးသော ပဋိဇီဝပစ္စည်းများ (Antibiotics) ထုတ်နိုင်ပြီး သီးနှံမြေဆောင်ရောဂါများကို ကာကွယ်နှိမ်နင်းပေးနိုင်သော အဏုဇီဝသက်ရှိမှိုတစ်မျိုးဖြစ်သည့် ထရိုင်ခိုဒါးမားမှိုကို သီးနှံစိုက်ခင်းများနှင့် မြေဆွေးပြုလုပ်ရာတွင် အသုံးပြုသင့်သည်။ ထရိုင်ခိုဒါးမားမှို အသုံးပြုခြင်းဖြင့် အပင်ဟော်မုန်းများ ထုတ်ပေးခြင်းဖြင့် ကြီးထွားမှုကို အားပေးခြင်း၊ အပင်များအတွက် အာဟာရဓာတ်များ စုပ်ယူအသုံးပြုမှုကို တိုးမြင့်စေခြင်း၊ နှမ်းရိုးမည်းရောဂါ၊ ခါးရိုရောဂါ၊ မြစ်ခြောက်ဆွေးရောဂါ၊ မြစ်ပုပ်ရောဂါ၊ ပင်ညှိုးရောဂါနှင့် ပင်ရင်းပုပ်ရောဂါတို့ကို ကာကွယ်ပေးနိုင်ခြင်း စသောအကျိုးကျေးဇူးများရရှိစေသည်။

စိုက်ပျိုးမြေအများစုသည် သစ်ဆွေးဓာတ်နည်းပါးသည့်အတွက် မြေတွင်းသစ်ဆွေးဓာတ်ကို ပြန်လည်ဖြည့်တင်းပေးနိုင်မှသာ မြေဆီလွှာ၏ သီးနှံထုတ်လုပ်နိုင်စွမ်းကို ရေရှည်ထိန်းသိမ်းနိုင်ပြီး ဓာတ်မြေဩဇာကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ လယ်ယာထွက်စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာ၊ ထရိုင်ခိုဒါးမားမှိုနှင့် မြေဆွေးပြုလုပ်နည်းများ ပညာပေးခြင်း၊ သဘာဝမြေဩဇာများကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်အောင် စီစဉ်ပေးခြင်း၊ သဘာဝမြေဩဇာများ၊ ဇီဝမြေဩဇာများနှင့် ဓာတ်မြေဩဇာကို အကျိုးရှိစွာသုံးစွဲမှု နည်းပညာပေးခြင်းများဖြင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်သည်။ မြေဆီလွှာကျန်းမာမှ မျှော်မှန်းအထွက်နှုန်းကိုရရှိစေမည်ဖြစ်၍ မြေဆီလွှာမယိုယွင်း မပျက်စီးအောင် ကာကွယ်ရန်အရေးကြီးကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဒေါက်တာနီနီတင့်(စိုက်သု)**

## ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

ဘားအံ မေ ၂၉

ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရေးနှင့်ချေးငွေပေးအပ်ပွဲကို မေလ ၂၈ ရက်မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံခရိုင်အတွင်းရှိ ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူ ၁၂၀ ဦး၏ စိုက်ဧက ၇၃၁ ဧက အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၉၆ ဒသမ ၅၀ သိန်းကိုပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေရယူကြသည့်တောင်သူများအား တွေ့ဆုံနှုတ်ဆက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများက တောင်သူများသို့ စနစ်တကျချေးငွေထုတ်ချေးပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ်မိုးရာသီတွင် ကရင်ပြည်နယ်အတွင်းရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ ငွေကျပ်သိန်း ၁၁၀၀၀ ကို ငွေကျပ် ၁၀၀ လျှင်တစ်နှစ် ၅ ရာခိုင်နှုန်း အတိုးဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။ (၄၀၆)



# ဆေးဖက်ဝင်ကင်းပုံသီး၏ ကျန်းမာရေးဆိုင်ရာကောင်းကျိုးများ



## ကင်းပုံပင်

ကင်းပုံပင်သည် နေရာတိုင်းတွင် အလေ့ကျပေါက်ရောက်လေ့ရှိသည့် အမြဲစိမ်းသစ်ပျော့နွယ်ပင်တစ်မျိုးဖြစ်ပြီး ပင်စည်သေးသွယ်၍ နွယ်နှာမောင်း နှစ်ခုမှ လေးခုအထိခွဲထွက်တတ်သည်။ အင်္ဂလိပ်အမည်မှာ Wild Snake Gourd ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Coccinia Grandis နှင့် မျိုးစိတ်မှာ Cucurbitaceae ဖြစ်သည်။ ကင်းပုံသီးမှာ လုံး၍ ၂ လက်မကျော်ခန့် အရှည်ရှိပြီး အခွံပြောင်ချော၍ အစိမ်းပေါ်တွင် အဖြူစင်းများရှိသည်။ ရင့်မှည့်သောအခါ လိမ္မော်နီရောင်ရှိပြီး လွန်းပုံအစေ့လေးများပါဝင်သည်။ ကင်းပုံသီးသည် နွေရောမိုးပါသီးသော်လည်း မိုးရာသီတွင်ပိုသီးသည်။ အဖြူရောင်ပွင့်ဖတ် ငါးခုပါသည့် ပွင့်ညှာတံရှည်သော ကင်းပုံပွင့်သည် ရွက်ညှာကြားမှထွက်ကာ ပွင့်ချပ်အစိမ်းရောင်ရှိပြီး ထိပ်တွင် နီညိုရောင်သန်းသည်။ နွယ်ပုံစံကင်းပုံရွက်မှာ အစိမ်းရောင်နုနုလေးဖြစ်နိုင်သကဲ့သို့ အရွက်ရင့်လာသည်နှင့်အမျှ အရောင်ရင့်လာပြီး အရွက်ခပ်ဖားဖားနှင့် ကျစ်လျစ်သည့်ရိုးတံရှိသည်။

ကင်းပုံသီးသည် အနည်းငယ်ခါးသက်သောအရသာရှိပြီး ယင်းကိုပြုတ်ပြီးတို့စားကြသကဲ့သို့ ကြော်၍လည်း စားနိုင်ကာ ဟင်းချိုအနေဖြင့်လည်း ချက်သောက်ကြသည်။ အဆိုပါကင်းပုံသီးကို မြို့တွင်နေထိုင်သူများအနေဖြင့် ဈေးများ၌ အလွယ်တကူ ဝယ်ယူစားသောက်နိုင်သကဲ့သို့ ကျေးလက်တောရွာများ၏ ခြံစည်းရိုးများတွင် အလေ့ကျပေါက်ရောက်လေ့ရှိသောကြောင့် အလွယ်တကူ ခူးယူစားသုံးနိုင်သည်။

## မြန်မာ့ဆေးကျမ်းဝင်ကင်းပုံပင်၏ အသုံးဝင်ပုံများ

မြန်မာ့ဆေးကျမ်းများအလိုအရ ကင်းပုံပင်၏ ပဥ္စငါးပါးကို ဆေးဖက်ဝင်သည်ဟု ဖော်ပြထားသည်။ ကင်းပုံသည်ခါး၏။ သလိပ်သည်းခြေကိုနိုင်၏။ ဝမ်းကိုသက်စေ၏။ ပင်စည်ပြုတ်ရည်ကို သလိပ်ရွှင်ဆေးအဖြစ် အသုံးပြုရာ၏။ အရွက်သည် ဖန်၏။ ခန္ဓာကိုယ်ကြီးထွားသန်မာမှုနှင့် အရိုး၊ သွားများ တည်ဆောက်မှုကို အားပေး၍ အာရုံကြောများကိုလန်းဆန်းစေသည်။ အရွက်စိမ်းကို ဆီးချိုရောဂါရှိသူများ ကြော်ချက်စားသုံးရ၏။ ကင်းပုံရွက်နှင့်နံနံစေ့ ဆတူပြုတ်၍ အဖျားကျဆေး၊ ဝမ်းပျော့ဆေးအဖြစ် အသုံးပြုသည်။ ကင်းပုံရွက်ကို သန်ချဆေးဖျော်စပ်ရာ၌ သုံး၏။ ကင်းပုံရွက်အရည်ကို ရေယုန်နာပေါ်သို့ မကြာခဏတို့ပေးလျှင် ရေယုန်နာပျောက်ကင်းသည်။ ကင်းပုံရွက်ကို သည်းခြေပျက်ခြင်းနှင့် အဆုတ်ပြွန်ရောင်ရောဂါတို့အတွက် ဖော်စပ်ထားသောဆေးများတွင် ထည့်သွင်းအသုံးပြုသည်။ ကင်းပုံသီးကို မီးဖွားပြီးခါစမိခင်များ နို့ထွက်စေရန်နှင့် လေရောဂါ၊ သွေးဖောက်ပြန်သောရောဂါ၊ ပန်းနာချောင်းဆိုးရောဂါများတွင် အသုံးပြုသည်။ အမြစ်ကို အဖျားကျဆေး၊ ဝမ်းသက်ဆေးအဖြစ်သုံးသည်။ ကင်းပုံတွင် အခါး၊ အချို နှစ်မျိုးရှိသည့် အနက် ဆေးဖော်စပ်ရာတွင် ကင်းပုံခါးကို အသုံးများသည်။

## ကင်းပုံသီးနှင့်ကင်းပုံရွက်တွင် ပါဝင်သောအာဟာရများ

ကင်းပုံသီးတွင် အခါးနှင့်အချို နှစ်မျိုးရှိသည့်အနက် ကင်းပုံခါးသည် အထွေထွေရောဂါကုသရာ၌ ပို၍အကျိုးရှိသည်။ ကင်းပုံသီးတွင် ကယ်လိုရီဓာတ်၊ ရေဓာတ်၊ အသားဓာတ်၊ ကစီဓာတ်၊ သတ္တုဓာတ်၊ ထုံးဓာတ်၊ မီးစုန်းဓာတ်၊ သံဓာတ်၊ ဗီတာမင်- A ဓာတ်နှင့် ကယ်လ်စီယမ်ဓာတ် စသည့်အာဟာရဓာတ်များ များစွာပါဝင်သည်။ ကင်းပုံရွက်သည် ပင်စည်သို့မဟုတ် ရိုးတံ၏ တစ်ဖက်တည်းမှထွက်သည်။ အဝိုက်သုံးဝိုက်ပါ၍ ထိပ်အဝိုက်ဘက်တွင် ထောင့်သုံးထောင့်ပါပြီး ဘေးအဝိုက်နှစ်ခုသည် လိပ်ပြာတောင်ပုံဖြစ်နေသည်။ ရွက်ရင်းဟိုက်ပြီး ရွက်ပြားပါး၍ ချောမွတ်ကာ ရွက်နားများတွင် လှိုင်းတွန့်ပုံသဏ္ဌာန်ရှိပြီး ရွက်ညှာမှာ အလွန်ရှည်သည်။ ထို့ကြောင့် ကင်းပုံရွက်ကို ဆီးချိုရောဂါရှိသူများ စားသုံးသင့်သည်။ ကင်းပုံရွက်ကို သည်းခြေဖျက်ခြင်းနှင့် အဆုတ်ပြွန်ရောင်ရောဂါတို့အတွက် ဖော်စပ်ထားသောဆေးများတွင်လည်း ထည့်သွင်းအသုံးပြုသည်။ ကင်းပုံရွက်ကို သန်ချဆေးဖော်စပ်ရာ၌လည်း အသုံးပြုသည်။ ရေယုန်ပေါက်လျှင်လည်း နှုတ်ခမ်းတွင်ပေါက်သည့် ရေယုန်ရောဂါမျိုးကို **"နင်ကရေယုန်ငါကကင်းပုံ"** ဟုနှုတ်ကဆိုပြီး ကင်းပုံရွက်ဖြင့် ပွတ်တိုက်ပေးပါက သက်သာပျောက်ကင်းနိုင်သည်။ ကင်းပုံရွက်ကို နှမ်း၊ နှမ်းဆီ၊ နှမ်းထောင်းတို့နှင့် တွဲဖက်၍ စားသုံးရန်မသင့်ဟု သိရသည်။ ကင်းပုံပွင့်သည် ကင်းပုံရွက်၏ ရွက်ညှာကြားမှထွက်၍ အဖြူရောင်ပွင့်ဖက်ငါးခုပါသည်။ ပွင့်ချပ်အစိမ်းရောင်ရှိပြီး အပွင့်ညှာတံရှည်သည်။ ကင်းပုံပင်စည်ကိုပြုတ်၍ သလိပ်ရွှင်ဆေးအဖြစ်အသုံးပြုရာတွင် အထူးထင်ရှားသည်။ ကင်းပုံမြစ်ကို အဖျားကျဆေး၊ ဝမ်းသက်ဆေးအဖြစ် သုံးနိုင်သည်။ ကင်းပုံတွင် အချိုနှင့်အခါး နှစ်မျိုးရှိသည့်အနက် ဆေးဖော်စပ်ရာတွင် အခါးကို ပိုမိုအသုံးပြုကြသည်။

## ကင်းပုံသီးစားခြင်းဖြင့် ပျောက်ကင်းစေနိုင်သောရောဂါများ

ကင်းပုံအချို၏အရသာမှာ ချိုခြင်း၊ အေးခြင်း၊ ဖန်ခြင်း၊ စိမ့်ခြင်း၊ ငန်ခြင်းနှင့် သလိပ်ကိုဖြစ်စေသည်။ ကင်းပုံသီးကို စားသုံးခြင်းဖြင့် ဝမ်းချုပ်ခြင်း၊ လေနိုင်ခြင်း၊ နှုတ်မြိန်စေခြင်း၊ လေရောဂါနှင့် ချောင်းဆိုးရောဂါများ သက်သာစေခြင်း၊ ကိုယ်တွင်းဇီဝဖြစ်စဉ်ကို တိုးတက်စေခြင်း၊ ဆီးချိုကျခြင်း၊ ဆီးချိုကာကွယ်ပေးခြင်း၊ နှလုံးနှင့်အာရုံကြောစနစ်အတွက် ကောင်းခြင်း၊ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ နှလုံးနှင့်အာရုံကြောစနစ်ကိုကောင်းစေခြင်း၊ အဝလွန်ခြင်းကို ထိန်းပေးခြင်း၊ သွေးအားနည်းခြင်းနှင့် မောပန်းခြင်းကိုသက်သာစေပြီး ကျောက်ကပ်တွင် ဖြစ်ပေါ်တတ်သော ကျောက်ကို ကြေစေနိုင်သည်ဟုလည်း သိရသည်။ ကင်းပုံသီးသည် ခပ်ပုပု အသီးမျိုးဖြစ်သော်လည်း ထူးခြားသော အာနိသင်မှာ အရပ်ရှည်စေသည်ဟုသိရသောကြောင့် အရပ်ပုသော တက်သစ်စလူငယ်များ ကင်းပုံသီးကိုစားသုံးသင့်ပါသည်။

## ဆီးချိုရောဂါကာကွယ်ပေးနိုင်

ကင်းပုံသီးသည် ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်ပြီး ကင်းပုံသီးစားခြင်းအားဖြင့် သွေးတွင်းသကြားဓာတ်ကို သိသာစွာကျဆင်းစေနိုင်သည်။ ကင်းပုံသီးတွင်ပါဝင်သော Glucose-6-phosphate dehydrogenase အင်ဇိုင်းက ဇီဝကမ္မဖြစ်စဉ်ကိုတိုးတက်စေပြီး သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းညှိပေးနိုင်သည်။ Glucose-6-phosphate dehydrogenase ဓာတ်ကို ဟန့်တားပေးနိုင်သည့် ဒြပ်ပေါင်းများပါဝင်နေသောကြောင့် ကင်းပုံသီး၊ ကင်းပုံခါးရွက်နှင့် ကင်းပုံသီးဟင်းရည်တို့ကို စားသောက်ခြင်းဖြင့် ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ဆီးချိုရှိသူများအနေဖြင့် နံနက်စောစောတွင် ကင်းပုံရွက်ကိုပြုတ်သောက်ခြင်း၊ ရေနွေးဖြောပြီးစားပေးခြင်းတို့ပြုလုပ်ပေးနိုင်သည်။ ဤကဲ့သို့ ပုံမှန်စားပေးမည်ဆိုပါက သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပြီး သွေးချိုကို အကောင်းဆုံး ထိန်းညှိပေးနိုင်မည်ဖြစ်သည်။

## အစာချေဖျက်မှုကောင်းစေနိုင်

ကင်းပုံသီးစားခြင်းအားဖြင့် ဝမ်းချုပ်ခြင်းကဲ့သို့ ခန္ဓာကိုယ်တွင်း အစာချေဖျက်မှုဆိုင်ရာ ပြဿနာများကိုလည်း လျော့နည်းသက်သာစေသည်။ ကင်းပုံသီးတွင် အမျှင်ဓာတ်များပါဝင်နေသောကြောင့် အစာချေဖျက်မှုကို အထောက်အကူပြုပြီး အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာပြဿနာများကို ကာကွယ်ပေးနိုင်သည်။

## ကင်ဆာရောဂါကိုကာကွယ်ပေးနိုင်

ကင်းပုံသီးတွင် ဘီတာကယ်ရိုတင်း၊ ခန္ဓာကိုယ်ထဲတွင်ရှိနေသည့် ဆဲလ်များနှင့် DNA များ ပျက်စီးခြင်းမှကာကွယ်ပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သောကြောင့် မကြာခဏစားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်။ အဆိုပါဓာတ်များက အကျိတ်ဆဲလ်များကြီးထွားမှုကို နှိမ်နင်းနိုင်ပြီး ကင်ဆာဆဲလ်များပြန့်ပွားခြင်းကို တားဆီးနိုင်သည်။

## သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်

ရှေးခေတ်ဆေးပညာ၌ ကင်းပုံကို ဆီးချိုရောဂါကုသရာတွင် အသုံးပြုခဲ့ကြသည်။ ကင်းပုံပင်၏ရိုးတံနှင့်အရွက်ကို ကြော်ချက်စားခြင်း၊ ဟင်းချိုချက်သောက်ခြင်း သို့မဟုတ် ကင်းပုံသီးနှင့်ကင်းပုံရွက်ကို တစ်ပတ်လျှင် နှစ်ကြိမ်ခန့်စားပေးခြင်းဖြင့် ဆီးချိုအတက်အကျကို ထိန်းနိုင်သည်။

## အဝလွန်ခြင်းကိုကာကွယ်ပေးနိုင်

ကင်းပုံသီးက အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနများတွင် ဖော်ပြထားကြသည်။ ကင်းပုံသီးက အဆီဆဲလ်မဖြစ်မီအခြေအနေတွင် ကြိုတင်တားဆီးပေးခြင်းဖြစ်ပြီး ဇီဝဖြစ်စဉ်ကိုပိုမြန်စေကာ သွေးတွင်းသကြားဓာတ်ကိုလျော့ကျစေသည်။

## ဇီဝဖြစ်စဉ်ကိုကောင်းမွန်စေနိုင်

ခန္ဓာကိုယ်၏ခွန်အားကို ဖြည့်တင်းပေးပြီး ဇီဝဖြစ်စဉ်ကိုထိန်းညှိပေးသော အာဟာရဓာတ်ဖြစ်သည့် သိုင်ယာမင် (Thiamine) က ကာဗိုဟိုက်ဒရိတ်များကို ဂလူးကို့စ်အဖြစ် ပြောင်းလဲပေးသည်။ ကင်းပုံသီးတွင်ပါဝင်သည့် အဆိုပါ Thiamine က သွေးကလာပ်စည်းတွင်းသို့ ဝင်ရောက်ပြီး ခွန်အားပိုမိုဖြစ်ပေါ်စေသည့်အပြင် သွေးနီဥဆဲလ်များကို ထုတ်လုပ်နိုင်စေပြီး မျိုးဗီဇဆိုင်ရာရောဂါများကိုလည်း ကုသပေးနိုင်သည်။

## ကျောက်ကပ်ကျောက်မတည်အောင် ကာကွယ်ပေးသောကင်းပုံသီး

ကျောက်တည်ခြင်းဆိုသည်မှာ ကယ်လ်စီယမ်နှင့် တခြားသတ္တုဓာတ်များ ဆီးလမ်းကြောင်းအတွင်း အနည်ထိုင်ပြီး အခဲပုံစံဖြစ်သွားခြင်းဖြစ်သည်။ ထိုက်သင့်သည့်ပမာဏထက်ကျော်ပြီး အငန်စားသုံးမှုများလျှင် ကျောက်ကပ်ကျောက်တည်နိုင်သည်။ ကင်းပုံသီးတွင်ပါသည့် ကယ်လ်စီယမ်က ကျန်းမာရေးအတွက်ကောင်းပြီး ဟင်းနုနယ်ကဲ့သို့ တခြားဟင်းသီးဟင်းရွက်များနှင့် တွဲစားပါက ကျောက်ကပ်ကျောက်တည်ခြင်းကို ကြေစေနိုင်သည်။

## နှလုံးကျန်းမာရေးကို ကောင်းစေနိုင်

ကင်းပုံသီးတွင် ပိုတက်ဆီယမ်လည်း ကြွယ်ဝစွာပါဝင်ပြီး ပိုတက်ဆီယမ်က သွေးလည်ပတ်မှုကို ထိန်းညှိပေးကာ နှလုံးကျန်းမာရေးကို ကောင်းမွန်စေသကဲ့သို့ နှလုံးရောဂါများမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်သည်။

## ခြေဖဝါး လက်ဖဝါး ပူစပ်ပူလောင်ဖြစ်ခြင်းကို သက်သာစေနိုင်

ကင်းပုံရွက်ကိုကြိတ်ခြေပြီး ခြေဖဝါး၊ လက်ဖဝါးများတွင် ၁၅ မိနစ်ကြာ အုံထားပေးခြင်းဖြင့် ကိုယ်တွင်းအပူများလျော့စေပြီး ပူစပ်ပူလောင်ဖြစ်ခြင်းကို သက်သာစေမည်ဖြစ်သည်။ ကင်းပုံရွက်အုံထားစဉ် ခပ်ဖွဖွနှိပ်နယ်ပေးရန်လည်း လိုအပ်သည်။

## သတိပြုရန်

ကင်းပုံရွက်က ဆေးဖက်ဝင်သည်ဆိုသော်လည်း အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်ရပါမည်။ ကင်းပုံရွက်နှင့်ပတ်သက်ပြီး ကျန်းမာရေးအကျိုးကျေးဇူးများကို သိပ္ပံနည်းကျ ဆက်လက်လေ့လာရန်လိုအပ်ပါသေးသည်။ ကင်းပုံသီးကိုလည်း ဆေးဖက်ဝင်တိုင်း အလွန်အကျွံစားသုံးရန်မသင့်ပါ။ ''တန်ဆေးလွန်ဘေး''ဟူသော ဆိုရိုးစကားရှိသောကြောင့် အလွန်အကျွံစားသုံးမိပါက ဝမ်းပျက်ခြင်းနှင့် ဗိုက်အောင့်ဗိုက်နာဖြစ်စေတတ်သည်။ ထို့ပြင် ကင်းပုံသီးကို နှမ်း၊ နှမ်းထောင်း၊ နှမ်းဆီတို့နှင့်တွဲဖက်၍ စားသုံးရန်မသင့်ကြောင်း အာဟာရစွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် အထက်ပါကျန်းမာရေးပြဿနာများဖြစ်ပွားသည့်အခါ ကင်းပုံရွက်တစ်ခုတည်းကိုသာ အားမကိုးဘဲ နီးစပ်ရာဆေးရုံဆေးခန်း၌ ပြသရန် လိုပါသည်။

**ဒေါက်တာလပြည့်ခင်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝန်ထမ်းမိသားစု သား / သမီးများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်ပွဲအခမ်းအနားကျင်းပ




**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ မေလ ၂၉ ရက် ညနေပိုင်းတွင် ဝန်ထမ်းမိသားစု သား/သမီးများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တက္ကသိုလ်တက်ရောက် ပညာသင်ကြားနေသည့်ကျောင်းသား/ကျောင်းသူများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ အစိုးရအဖွဲ့ဝင် တာဝန်ရှိသူများက အခြေခံပညာအထက်တန်း/အလယ်တန်း/မူလတန်းပညာသင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်ရာ ကျောင်းသား/ ကျောင်းသူ၊ ဝန်ထမ်းမိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြပြီး အဆင့်မြင့်ပညာသင် ကျောင်းသား/ကျောင်းသူ ၁၄ ဦး၊ အထက်တန်းပညာသင်ကျောင်းသား/ကျောင်းသူ ၂၃ ဦး၊ အလယ်တန်းပညာသင်ကျောင်းသား/ကျောင်းသူ ၂၉ ဦး၊ မူလတန်းပညာသင် ကျောင်းသား/ကျောင်းသူ ၆၆ ဦးနှင့်မူလတန်းကြို ပညာသင်ကျောင်းသား/ကျောင်းသူ ၁၁ ဦး၊ စုစုပေါင်း ကျောင်းသား/ကျောင်းသူ ၁၄၃ ဦး အတွက် ပညာသင်ဆုကြေးငွေကျပ် ၁၇၀၆၀၀၀၀ ပေးအပ်ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

## နေကြာကေတစ်သောင်းကျော် စိုက်ပျိုးမည်

**စစ်ကိုင်း မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် နေကြာကေ တစ်သောင်းကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံ ၁၂၃၆၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုလက်ရှိအချိန်တွင်နေကြာစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများထွန်ယက်လျက်ရှိသည်။

စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်ခြင်းနည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှ ထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနခန်းမ၌ မေလ ၂၉ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက အဖွင့်အမှာစကားပြောကြားရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် ဌာန၏ မျှော်မှန်းချက်နှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်သည့်အချိန်တွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်အမှန်တကယ်အလုပ်အကိုင် ဝင်ငွေရရှိစေမည့် အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တာရှည်ခံသဘာဝသစ်သီးဖျော်ရည်၊ ယိုနှင့်သစ်သီးခြောက်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်း၊ Bakery and Snack အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ရေခဲမုန့်၊ အအေးနှင့်အဖျော်ယမကာထုတ်လုပ်မှုနည်းပညာသင်တန်း၊ အသင့်စား စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများကို အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ပြီး သင်တန်းတွင် ချောကလက်ကိတ်၊ ကိတ်ခြောက်၊ ဗင်နီလာကိတ်၊ ပူတင်း၊ လျှာပေါ်ဝဲ၊ ကွတ်ကီး၊ ဒိုးနတ်၊ နံကထိုင်၊ ပေါင်မုန့်၊ သီးစုံကိတ် စသည်တို့နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေအကြောင်း၊ တာရှည်ခံဓာတုဆေးဝါးများ အကြောင်းတို့ကို မေလ ၂၉ ရက်မှ ဇွန်လ ၄ ရက်ထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

## သဇင်(FM)အသံလွှင့်အစီအစဉ် ၃၀-၅-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။

## ကျောင်းသွားကြစို့ ကလေးတို့

❖ ကျောင်းမှန်မှန်တက်၊ စာမခက်ဟု
သိလျက်ပြီးသား၊ မောင်ကျောင်းသားတို့
ကြိုးစားသင်ယူ၊ ပျင်းမထူဘဲ
အမြဲထကြွ၊ ရှိလုံ့လဖြင့်
သွားကြကျောင်းဆီ၊ ပျော်ရွှင်ကြည်၍
ညီညာဖြဖြ လျှောက်လှမ်းကြစို့။

❖ ကျောင်းကိုရောက်မှ၊ ကျောင်းကဆရာ
သင်ကာပြသ၊ ဆိုဆုံးမသည့်
ချိုစွစကား၊ မှတ်သားနာယူ
လိုက်နာသူတို့၊ နောင်မူစဉ်ဆက်
ပညာထက်ပြီး၊ အဘက်ဘက်မှ
တိုးတက်လာမည် မှန်ပေသည်။

❖ စာပေမြင့်မှ၊ လူမျိုးကမြင့်
ဂုဏ်သိန်တင့်လိမ့်၊ ဝင့်ဝင့်ကြွားကြွား
စာစကားမှ၊ ပိုင်းခြားသိမြင်
အမှားကြဉ်ပြီး၊ အစဉ်ကောင်းကျိုး
ရလိမ့်နိုးထင့်၊ တန်ဖိုးရှိရှိ
အသိကြွယ်ကြွယ်၊ လူပုံလယ်၌
တင့်တယ်လှပ သင်နေရလိမ့်။

❖ ဩော် . . .
ထို့ကြောင့်သာပင်၊ မှာခွေချင်သည်
သင့်၏ဘဝ၊ တိုးတက်ရအောင်
လုပ်ဆောင်ပြုပြီး၊ ကျောင်းနှင့်နီးမှ
ခိုင်ဖြိုးပြည့်ဝ၊ ပညာရလိမ့်
မှတ်ကြစေကြောင်း၊ လူငယ်အပေါင်းတို့
ကျောင်းသို့သွားကာ ပညာရှာလော့။ ။

**ဘိုမျိုး(ရွှေဘို)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၂၅ ( သောကြာနေ့ )

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | မြဝတီအဖွင့် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | Soft Skill |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၆:၀၀ | မြဝတီနေ့စဉ်သတင်း |
| ၁၁။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၂။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာမာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿသင်္ဂဟော |

# စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်စီမံကိန်းအသစ်“မင်းရဲသူ” စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကျင်းပ

**နေပြည်တော်  မေ ၂၉**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာနိုင်ငံအခြေစိုက် ထိုင်းနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်သော Gulf Petroleum Myanmar Co., Ltd. တို့အကြား မုတ္တမကမ်းလွန်လုပ်ကွက် (M–10)(မင်းရဲသူစီမံကိန်း)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်၊ သုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract–PSC) လက်မှတ်ရေးထိုးချုပ်ဆိုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ/ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Gulf Petroleum Myanmar Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင်သဘာဝဓာတ်ငွေ့သိုက်များ အတန်အသင့်ရှိရာ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် လိုအပ်ကြောင်း၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် ကမ်းလွန်စီမံကိန်းကြီးများသည် သဘာဝအလျောက် ထုတ်လုပ်မှုများ ကျဆင်းလာနေပြီး စီမံကိန်းပြီးဆုံးမည့် ကာလများလည်းနီးကပ်လာသဖြင့် အလားအလာကောင်းများရှိသည့် လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ မုတ္တမကမ်းလွန်လုပ်ကွက် (M–10)(မင်းရဲသူစီမံကိန်း)အား အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုဆောင်ရွက်နိုင်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ယခုလို ဆောင်ရွက်ခြင်းဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊တူးဖော်၊ထုတ်လုပ်ရေးလုပ်ငန်းများတွင် ငွေကြေးထည့်ဝင်မှုအားကောင်းလာခြင်း၊ နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေပေးနိုင်ခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းရည်မှန်းချက်ဖြစ်သည့် ၂၀၂၈ ခုနှစ်အတွင်း ပထမဦးဆုံး သဘာဝဓာတ်ငွေ့ စတင်ထုတ်ယူနိုင်ရေး အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းနှင့် စာချုပ်ချုပ်ဆိုနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဆက်စပ်ဝန်ကြီးဌာနများ၊ Gulf Petroleum Myanmar Co., Ltd. မှ ဝန်ထမ်းများ၊ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။




ထို့နောက် Gulf Petroleum Myanmar Co., Ltd. မှ အမှုဆောင်အရာရှိချုပ်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် Gulf Petroleum Myanmar Co., Ltd. အမှုဆောင်အရာရှိချုပ်တို့က မုတ္တမကမ်းလွန်လုပ်ကွက် (M–10)(မင်းရဲသူစီမံကိန်း)အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို လက်မှတ်ရေးထိုးချုပ်ဆိုကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**နိုင်ငံတော်အနေဖြင့် လက်ရှိအချိန်အထိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရတနာ၊ ရဲတံခွန်၊ ဇော်တိက၊ ရွှေကမ်းလွန်စီမံကိန်းကြီး ၄ ခု၊ ထပ်မံရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ကမ်းလွန်စီမံကိန်းကြီး ၂ ခု စုစုပေါင်း ကမ်းလွန်စီမံကိန်းကြီး ၆ ခု ရှိပြီးဖြစ်သဖြင့် ယခု မုတ္တမကမ်းလွန်လုပ်ကွက် (M–10)(မင်းရဲသူစီမံကိန်း)သည် နိုင်ငံတော်၏ သတ္တမမြောက် ကမ်းလွန်စီမံကိန်းကြီးဖြစ်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်ပထမဦးဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ကမ်းလွန်စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။**

မြဝတီ

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေး သီတင်းပတ် ကျောင်းအပ်နှံဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ကျောင်းအပ်နှံနေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းသားမိဘများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းဖွင့်ချိန်အမီ ဆောင်ရွက်နေသည့် ယာယီစာသင်ဆောင်များ၊ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ မီးရထားရပ်ကွက်အခြေခံပညာအလယ်တန်းကျောင်းခွဲ (ရွာထောင်)အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ (ချင်းစု)အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျောင်းဖွင့်ချိန်အမီ ယာယီစာသင်ဆောင်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းအတွင်း ပြင်ဆင်ထားရှိမှု၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ အနုပညာ၊ ကာယပညာနှင့်စာကြည့်တိုက် အပါအဝင် ဘာသာရပ်အလိုက် စာသင်ချိန်သတ်မှတ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်တို့သို့သွားရောက်၍ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံဆောင်ရွက်နေမှုအခြေအနေ၊ ကျောင်းဖွင့်ချိန်အမီ သင်ကြားသင်ယူမှုအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ မန္တလေးပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ် အုန်းချောအခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲ ကျင်းပ




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

**နေပြည်တော်  မေ ၂၉**

၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှကျောင်းသား၊ ကျောင်းသူများအတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံနှင့် UNOCHA တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး



နေပြည်တော် မေ ၂၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းဆွေသည် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Sajjad Mohammad Sajid အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNOCHA တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် UNOCHA မှ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# လျှော်ဘေးဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ အမျိုးသားပရဆေးဥယျာဉ်သို့သွားရောက်ပြီး ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ မိုးရာသီတွင် ဆေးဖက်ဝင်အပင်များ တိုးချဲ့စိုက်ပျိုးမည့်အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ ပရဆေးဥယျာဉ်အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် အမြဲတမ်းစိမ်းလန်းစိုပြည်သာယာစေရေးဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ဆည်သို့သွားရောက်၍ လျှော်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တမံအောက်ခြေတွင် ရေဝပ်နေသည့်နေရာများ အမြန်ဖောက်ထုတ်နိုင်ရေး၊ လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအားမှာကြားသည်။



ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)သို့ရောက်ရှိပြီး လျှော်ဘေးဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ထိခိုက်ပျက်စီးသည့်အစိတ်အပိုင်းများအား စနစ်တကျဖယ်ရှားရှင်းလင်းရေးနှင့် ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်ရေးတို့ကို မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသော လုပ်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# တိုင်းဒေသကြီး/ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အသုံးပြုနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို စနစ်တကျစုဆောင်းထားရှိ

နေပြည်တော် မေ ၂၉

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများသည် သဘောသဘာဝမတူညီကြသည့်အတွက် သဘာဝဘေးအမျိုးအစားအပေါ် မူတည်၍ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ မတူညီနိုင်ကြောင်း၊ အသုံးပြုနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို စနစ်တကျစုဆောင်းထားရှိထားပြီး အရေးပေါ်ဆေးရုံများ တည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများနှင့် ရွေ့လျားခွဲစိတ်ခန်းများကိုလည်း ကြိုတင်ပို့ဆောင်ထားရှိရန်ဆောင်ရွက်လျက်ရှိရာ နီးနွယ်ဌာနဆိုင်ရာများက လိုအပ်သည်များ ပံ့ပိုးပေးစေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမြတ်ဝဏ္ဏစိုးက တင်ပြသည်။



ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လျှော်ကြောင့် ကိုယ်လက်အင်္ဂါထိခိုက်ဆုံးရှုံးသူများအတွက် အရည်အသွေးကောင်းမွန်သောအစားထိုးခြေတုနှင့်လက်တုများတပ်ဆင်ပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ လျှော်ကြီးဖြစ်စဉ် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်နေချိန်ဖြစ်ပြီး မိုးရာသီကာလသို့လည်းရောက်ရှိနေပြီဖြစ်သဖြင့် မိုးရာသီတွင်ဖြစ်ပွားနိုင်သောသဘာဝဘေးအန္တရာယ်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပါအဝင် ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများအတွက်ကျန်းမာရေးကဏ္ဍကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှု၊ ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုမှုများဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းနှင့် အစည်းအဝေးသို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြဝတီ

➢ ကျောဖုံးမှအဆက်

အဆိုပါအခမ်းအနားကျင်းပပုံများကို မေလ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ MRTV-HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MRTV Sports၊ MRTV Farmers'၊ MITV၊ MWD HD Channel၊ MWD Variety HD Channel၊ Readers Channel၊ 5 Plus၊ Up to Date၊ Channel 9 တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒုမ္မာဝတီ FM၊ ရွှေ FM၊ Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ Myanmar Narrative Facebook Page နှင့် Telegram၊ MRTV Website၊ MRTV App နှင့် Social Media Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ဖွင့်ပွဲအခမ်းအနားပြီးနောက် ခေါင်းစဉ်များအလိုက် သုံးသပ်ဆွေးနွေးပွဲများကျင်းပမှုကို MRTV Parliament Channel မှ တိုက်ရိုက်(LIVE) ပြသမှုနှင့်အတူ MOI Website၊ Myanmar Narrative Facebook Page နှင့် Telegram၊ MRTV App၊MRTV Telegram၊ Myanma TV Youtube Channel နှင့် MRTV Facebook တို့မှလည်း Live Streaming ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

## ထူးခြားသည့်နေ့အပူချိန်များ

၂၉-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကိုကိုးကျွန်း | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

# တိုင်းဒေသကြီးနှင့်ပြည်နယ်လှေလှော်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်း စုပေါင်းတံခွန်စိုက်ဆုရရှိ



ရန်ကုန် မေ ၂၉

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လှေလှော်ပြိုင်ပွဲကို မေလ ၂၈ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အင်းယားကန်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက စုပေါင်းတံခွန်စိုက်ဆုကိုရရှိခဲ့သည်။

အဆိုပါလှေလှော်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေ ၃ နာရီတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းတို့တက်ရောက်ခဲ့ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်က အမျိုးသမီး မီတာ(၅၀၀) (၁၀) တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော မွန်ပြည်နယ်အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသားမီတာ(၅၀၀)(၁၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အတွင်းရေးမှူးက အမျိုးသမီး၊ အမျိုးသားမီတာ (၅၀၀) (၁၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးက အမျိုးသမီး၊ အမျိုးသားမီတာ(၅၀၀) (၂၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့အားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက အမျိုးသမီးမီတာ(၂၀၀) (၁၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးက အမျိုးသားမီတာ(၂၀၀) (၁၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းတို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီးမြို့တော်ဝန်က အမျိုးသမီး၊ အမျိုးသား မီတာ(၂၀၀) (၁၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမျိုးသမီး၊ အမျိုးသား မီတာ (၂၀၀) (၂၀)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။


ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမျိုးသမီးတံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အမျိုးသားတံခွန်စိုက်ဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။


**လင်းခန့်**

---

❒ **ကျောဖုံးမှအဆက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ ၂-၆-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးနိုင်သည်။




မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှလှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

---

# China-Asean Cup ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်မှ ၄ ရက်အထိကျင်းပမည့် China-Asean Cup ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းအနေဖြင့် အမျိုးသားအသင်းနှင့်အမျိုးသမီးအသင်း နှစ်သင်းစလုံးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲအမျိုးအစားနှစ်ခုစလုံး ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အိမ်ရှင်တရုတ်နိုင်ငံအပါအဝင် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ လက်ရွေးစင်ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း၏ အမျိုးသားအသင်းတွင် ဇော်မင်းခန့် (Rကြီး)၊ သန့်ဇင်ထွန်း(ခေတ်လုံး)၊ ဇင်မင်းဦး (အားဒစ်)၊ အောင်အောင်(အောင်ကြီး)၊ ရဲထက်၊ ဟန်ဝင်းထွဋ်(အံ့ကူလေး)တို့နှင့် စုဖွဲ့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့အတူ အမျိုးသမီးအသင်းတွင် ဖြူဖြူသန်း၊ ယမုံဇင်၊ ဖူးဖူး၊ ချယ်ရီလင်းသစ်၊ သီရိအောင်၊ နန့်မေသူထွေးတို့နှင့် စုဖွဲ့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသင်းနည်းပြအဖြစ် ဦးအောင်မျိုးသွင်၊ အမျိုးသမီးအသင်းနည်းပြအဖြစ် ဦးအောင်မျိုးဆွေတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။

**ဝန်းရံခ**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရောင်စုံပန်းများပွင့်လန်းဖို့ မြေတောင်မြှောက်ကာပျိုးထောင်စို့

ရာသီကား မိုးရာသီဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ရှိ သစ်ပင်၊ သစ်ရွက်၊ သစ်ခက်ကလေးများသည် စိမ်းလန်းစိုပြည်လန်းဆန်းနေသည့်အပြင် ဝတ်ရည်ထုံမွှမ်းသည့် ပန်းရနံ့တို့သည်လည်း ဝန်းကျင်တစ်ခို မွှေးပျံ့သင်းကြိုင်နေပေသည်။ ထိုသို့သောအခါသမယတွင် သစ်ပင်ပန်းပင်တို့သည် နှစ်ဟောင်းမှရွက်ဟောင်းများကို ကြွေကျ၍ ဝတ်ရုံလွှာကိုချွတ်ကြကာ နှစ်သစ်ကို အားသစ်အင်သစ်ဖြင့် စိမ်းစိမ်းစိုစို ပြန်လည်လန်းဆန်းအသက်ဝင်လျက်ရှိသည်။ ထို့အတူပင် ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများဖြစ်ကြသော အနာဂတ်၏ကြယ်ပွင့်ကလေးများသည်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တစ်နှစ်ကို ကုန်ဆုံးလွန်မြောက်၍ နွေရာသီပိတ်ရက်တို့တွင် အနားယူခဲ့ကြပြီးဖြစ်ရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တစ်နှစ်၏ အစကနဦးကို အားမာန်အပြည့်ဖြင့် ရွှင်လန်းတက်ကြွစွာ ချီတက်ကြရန်အသင့်ဖြစ်နေကြပေပြီ။ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ကာ ကျောင်းအပ်နှံရေးလှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။



ဥယျာဉ်မှူးသည် မိမိ၏ဥယျာဉ်အတွင်းမှ ရောင်စုံပန်းကလေးများလှပစေရန် ပေါင်းသင်ခြင်း၊ လိုအပ်သည့် အာဟာရဆေးများပက်ဖျန်းပေးခြင်း၊ ဖျက်ဆီးတတ်သော ပိုးကောင်များရန်မှ ကင်းဝေးစေရန် ပိုးသတ်ဆေးဖျန်းပေးခြင်း စသည်တို့ကို ပြုလုပ်နေပါမှ ရောင်စုံပန်းများ လှပတင့်တယ်မွှေးကြိုင်ရပေသည်။ အနာဂတ်ကိုပုံဖော်စွမ်းဆောင်နိုင်မည့် လူငယ်လေးများကိုလည်း ဥယျာဉ်မှူးကောင်းများကဲ့သို့ မိဘများ၊ ဆရာများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးပါမှ မှန်ကန်သောလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ လမ်းကြောင်းမှန်ပေါ်လျှောက်လှမ်းနိုင်စေရန်အတွက် မိဘ၊ ဆရာ၊ ပြည်သူလူထုတို့ အားလုံးစုပေါင်း၍ မြေတောင်မြှောက်ကာပျိုးထောင်ပေးကြရမည်ဖြစ်သည်။

မည်မျှပင် မျိုးစေ့ကောင်းမွန်နေသောအပင်ဖြစ်ပါစေ ရေခံမြေခံကောင်းတွင် စိုက်ပျိုးပါမှ၊ ဘေးပယောဂအနှောင့်အယှက်အဖျက်အဆီးများကင်းစင်ပါမှ အပင်သန်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားလူငယ်လေးများအတွက်လည်း ကောင်းမွန်သောပတ်ဝန်းကျင်ရှိနေစေရန် အထူးအရေးကြီးသည်။ "ပညာမြင့်မှ လူမျိုးတင့်" နိုင်ပေမည်။ လူမျိုးတင့်နိုင်စေရန်အတွက် ကျောင်းသားလူငယ်လေးများ ပညာရည်မြင့်မားလာစေရန် အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် မိဘများဘက်မှ ငွေကြေးချို့တဲ့ကာ ကျောင်းအပ်နှံမှု မပြုနိုင်ခြင်းတို့ မရှိကြစေရန် ကျောင်းလခ၊ မိဘ၊ ဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့်စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမရှိပါချေ။ ထို့ပြင် KG မှ Grade-12 အထိ ကျောင်းသား၊ ကျောင်းသူများကို ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်စသည့် စာရေးကိရိယာများ အခမဲ့ပေးဝေကာ KG မှ Grade-5 အထိကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံတစ်စုံစီကိုလည်း အခမဲ့ပေးထားသည်ဖြစ်ရာ မိဘများအတွက် ဝန်ထုပ်ဝန်ပိုးကိုအထိုက်အလျောက်လျော့ကျစေရန် ကူညီပေးထားခြင်းပင်ဖြစ်သည်။

ဥယျာဉ်တစ်ခု စိမ်းစိုလှပ သင်းပျံ့ကြိုင်လှိုင်နေစေရန်အတွက် ရေခံမြေခံကောင်းရှိရန်လိုအပ်သကဲ့သို့ နေရောင်ခြည်ရရှိမှု၊ လေဝင်လေထွက်ကောင်းမွန်မှု၊ အဖျက်ပိုးများကင်းစင်မှု၊ အားအင်ပြည့်ဝမှု စသည်ဖြင့် ဘက်စုံထောင့်စုံမှ ပံ့ပိုးမှုတို့ရှိမှသာ အောင်မြင်ကျန်းမာသော ပန်းခြံကြီးဖြစ်ပေလိမ့်မည်။ နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ၊ လူတစ်ဦးအတွက်ဖြစ်စေတိုးတက်ဖွံ့ဖြိုးစေရန်ကား ပညာရေးသည် အရေးကြီးဆုံးအခန်းကဏ္ဍပင်ဖြစ်သည်။ အသိဉာဏ်ပညာ၊ ဗဟုသုတများ ရှာမှီးနိုင်စေရန် တစ်ခုတည်းသောနေရာသည်ကား စာသင်ကျောင်းများပင်ဖြစ်သည်။ စာပေပညာများကို သင်ယူပါမှ အကြောင်းအကျိုး၊ အကောင်းအဆိုး ခွဲခြားတတ်ကာ ဘဝလှပမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အားထားဖွယ် လူငယ်၊ လူရွယ်များ ဖြစ်လာနိုင်မည်ဖြစ်သည်။ ယခုနှစ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကျောင်းအပ်နှံရေးသီတင်းပတ်ကို "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"ဟူသော ဆောင်ပုဒ်ချမှတ်ကာ ကျောင်းအပ်နှံရေးအစီအစဉ်များကို အစိုးရနှင့်ပြည်သူလူထုတို့ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။ မိဘပြည်သူများအနေဖြင့် မိမိတို့၏ ရင်နှစ်သည်းချာဖြစ်သော၊ တန်ဖိုးမဖြတ်နိုင်သော သားသမီးရတနာလေးများကို အရောင်တောက်ပလာစေရန် ဖော်ဆောင်ပေးနိုင်သည့် ပညာရှာမှီးရာနေရာဖြစ်သော စာသင်ကျောင်းများသို့ အပ်နှံပါမှ ကလေးများအသိပညာရရှိမည်ဖြစ်သည်။ အသိပညာရှိလာပါမှ နိုင်ငံတော်၏အနာဂတ်ကို လှပစွာပုံဖော်ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်သည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဖြစ်သော သားကောင်း၊ သမီးကောင်း ရတနာများအား လမ်းမှန်ပေါ် လျှောက်လှမ်းနိုင်စေရန် တက်ညီလက်ညီဝိုင်းဝန်းကူညီပေးကြရမည်ဖြစ်သည်။

လောကကြီးတွင် ပန်းအမျိုးပေါင်းလည်း လွန်စွာများပြားစုံလင်လှပသည်။ မည်သို့ပင်ဆိုစေကာမူ ပန်းတိုင်းတွင်ကား သူ့အလှတရားနှင့်သူ ရှိနေကြစမြဲပင်ဖြစ်သည်။ ထိုအလှတရားများကိုပေါ်လွင်စေရန်၊ ပိုမိုလှသည်ထက်လှပနိုင်စေရန် ပြုပြင်ထိန်းသိမ်းပုံဖော်မှုပြုသည့် ဥယျာဉ်မှူးကောင်းရှိရန်မှာလည်း လွန်စွာအရေးကြီးလှပေသည်။ နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရာတွင် ဆရာသည် အခရာဖြစ်သည်။ နိုင်ငံ့လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်တည့်ကောင်းမွန်နေစေရန်ပြုစုပျိုးထောင်ခြင်းသည်ဆရာ၏ ပညာအရည်အချင်းနှင့် စေတနာ၊ ဝါသနာ၊ အနစ်နာထားကာ ကြိုးစားပုံဖော်ပေးမှုတို့အပေါ်တွင်တည်မှီနေသည်။ "တပည့်များစွာ၊ ငါ့ထက်သာ၍၊ နေရာတိုင်းမှာအရေးပါ"စေရန် ဥယျာဉ်မှူးနှင့်တူသော ဆရာများက ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ထိုသို့ အရေးပါလှသော ဆရာတို့၏ အခန်းကဏ္ဍကို မြင့်မားတိုးတက်စေရန်အတွက်လည်း နိုင်ငံတော်မှ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ အနာဂတ်၏တာဝန်များကို ပခုံးပြောင်းယူကြရမည့်ကျောင်းသားလူငယ်များကို စည်းကမ်းရှိသေသူများ၊ ပညာပြည့်ဝသူများ၊ တွေးခေါ်စဉ်းစားတတ်သူများ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းသူများဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ထိုသို့ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်အတွက် "ပညာသည်သာ အခရာ"ဖြစ်၍ ပညာရှာမှီးနိုင်ရာ စာသင်ကျောင်းများသို့ ကျောင်းအပ်နှံခြင်းဖြင့် မိမိတို့ရင်သွေးများ၏ဘဝခရီးကို ဖြောင့်တန်းစွာ လျှောက်လှမ်းမှုပြုနိုင်စေရန် လမ်းကြောင်းမှန်ပေါ်သို့တင်ပေးရမည်ဖြစ်သည်။

မိုးဦးရာသီတွင် စိမ်းစိုအုံ့မှိုင်းမှုနှင့်အတူ မိုးစက်၊ မိုးပေါက်တို့သည် ပန်းတို့အတွက် လောကဓံတရားဟုဆိုနိုင်သော်ငြား ထိုလောကဓံကြောင့်ပင် လှပမွှေးပျံ့သော ပန်းပွင့်တို့ကို ဖူးပွင့်နိုင်ကြသည်မှာလည်း အမှန်တရားပင်ဖြစ်သည်။ မိုးရေစက်တို့အကြားဝယ် ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံပန်းတို့၏အလှတရား၊ စိမ်းစိုသော သစ်ရွက်၊ သစ်ခက်တို့၏ အလှတရားများနှင့်အတူ ဇွန်လ ၂ ရက်မှစတင်၍ ဘဝ၏လှေကားများကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း အားမာန်အပြည့်ဖြင့် ချီတက်လျှောက်လှမ်းကြမည့် ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ အဖြူ၊ အစိမ်း တူညီဝတ်စုံယူနီဖောင်းအလှတရားတို့သည်လည်း နှိုင်းတုမမီနိုင်သော ပန်းချီကားချပ်တစ်ချပ်သဖွယ်ပင် ဖြစ်ပေလိမ့်မည်။ ထိုတူညီဝတ်စုံဝတ်ဆင်ထားမှု၏ နောက်တွင် စိတ်ဓာတ်ပိုင်းဆိုင်ရာများလည်း တိုးတက်ပြောင်းလဲလာပြီး မိမိတို့ဘဝနှင့် နိုင်ငံတော်အတွက် အသိပညာများကြွယ်ဝကြကာ ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကလေးများဖြစ်ထွန်းပေါ်ပေါက်လာကြရခြင်းပင်ဖြစ်သည်။ ထိုသို့ လူ့စွမ်းအားအရင်းအမြစ်များကို မြေတောင်မြှောက်ပေးနိုင်စေရန်အတွက် ကျောင်းအပ်နှံကြရမည်ဖြစ်သည်။

"Education breeds confidence. Confidence breeds hope. Hope breeds peace." "ပညာရေးက ယုံကြည်မှုကို မွေးဖွားပေးတယ်။ ယုံကြည်မှုက မျှော်လင့်ချက်ကိုမွေးဖွားတယ်။ မျှော်လင့်ချက်က ငြိမ်းချမ်းရေးကိုမွေးဖွားတယ်" ဟု ကွန်ဖြူးရှပ်သင်ကြားပေးခဲ့သော ပညာရေးဆိုင်ရာဒဿနများက ဖော်ပြပေးနေသည်မှာ အမှန်ပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်းကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအတွက်နိုင်ငံတော်၏ရည်မှန်းချက်မှာ "ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးနှင့်အနည်းဆုံး ကျောင်းသား၊ ကျောင်းသူတိုင်း KG+9 ပြီးမြောက်ရေးဖြစ်သည့်အတွက် ကျောင်းအပ်နှံရာတွင် ငွေကုန်ကြေးကျမရှိစေရန်၊ ပညာရည်မြင့်မားစေရန် ဆောင်ရွက်ပေးထားသည့်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ကြစေရန် မိဘပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ Grade-9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများလည်း ဖွင့်လှစ်ပေးပြီး နိုင်ငံ့သားကောင်းရတနာလေးများအတွက် အခွင့်အလမ်းများစွာကို နိုင်ငံတော်မှ ဖန်တီးပေးထားခြင်းဖြစ်သည်။

နိုင်ငံအတွင်း ဆင်းရဲမှုလျှော့ချပြီး လူမှုစီးပွားဘဝများ တိုးတက်လာစေရန် ပြည်သူများ၏ ပညာရည်မြင့်မားရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည့်အတွက် မြို့ပေါ်နေပြည်သူများသာမက ကျေးလက်နှင့် ဝေးလံခေါင်ဖျားဒေသများတွင်ရှိသည့် ပြည်သူလူထုများပါမကျန် ပညာတတ်မြောက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့်ကျောင်းနေအရွယ်ကလေးများအားလုံး စာသင်ကျောင်းသို့ရောက်ရှိ အပ်နှံလာစေရေး၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှုမဆုံးရှုံးစေရေး၊ အချိန်မတိုင်မီကျောင်းထွက်မှုမရှိစေရေး၊ ကျောင်းအပ်နှံမှုနှုန်းမြင့်မားလာစေရေးတို့အတွက် မိဘ၊ ဆရာ၊ ရပ်ရွာလူထု၊ ဌာနဆိုင်ရာများသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**သိမ့်(ပညာရေး)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒေသခရီးစဉ်ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၉**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာတောရပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ကောဝိဒ ဝစီပိတ်ဆရာတော်အား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ခရီးစဉ်ဒေသတစ်ခုဖြစ်သည့် ဗုဒ္ဓဥယျာဉ်သို့လည်းကောင်း၊ လွိုင်မွေတောင်စခန်းသို့လည်းကောင်း သွားရောက်ပြီး နှစ်စဉ်ချယ်ရီပန်းပွဲတော်ကျင်းပရာ ချယ်ရီပင်တန်း၊ အထင်ကရလွိုင်မွေနှစ်တစ်ရာစံအိမ်နှင့်လွိုင်မွေကန်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်ဒေသတစ်ခုဖြစ်သည့် ကျိုင်းတုံရေတံခွန်သို့ သွားရောက်လေ့လာခဲ့ပြီး ကျိုင်းတုံရေတံခွန်အနီးရှိ လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) ဟိုယန်း(လွယ်) ကျေးရွာလူထုအခြေပြုခရီးသွားလုပ်ငန်းလက်မှတ်ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ကျိုင်းတုံမြို့ Amazing Keng Tung Resort အစည်းအဝေးခန်းမတွင် ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် Amazing Keng Tung Resort နှင့် ကျိုင်းတုံပါရာဒိုက်စ်ဟိုတယ်တို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဧည့်သည်ဝင်ရောက်မှုအခြေအနေများကိုလည်းကောင်း၊ ကျိုင်းတုံဟော်နန်းအတွင်း ခင်းကျင်းပြသထားသည့် စော်ဘွားခေတ်အသုံးအဆောင်များ၊ မှတ်တမ်းပုံများနှင့် သမိုင်းကြောင်းဆိုင်ရာများကိုလည်းကောင်း လေ့လာကြည့်ရှုပြီး ပြည်တွင်းပြည်ပခရီးသည်များအား စနစ်တကျရှင်းလင်းပြသနိုင်ရေး စီမံဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

---

ပညာရေးဝန်ကြီးဌာန

ပညာ

**၂၀၂၅-၂၀၂၆ ပညာသင်နှစ်**

**“ကျောင်းနေအရွယ်ကလေးအားလုံး**
**စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”**

ကျောင်းအပ်နှံရေးသီတင်းပတ် — ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

---

ပညာရေးဝန်ကြီးဌာန
၂၀၂၅-၂၀၂၆ ပညာသင်နှစ်

**“အသိပေးကြေညာချက်”**

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

---

# မြစ်ကြီးနားမြို့နှင့် အဖျောက်မြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၂၉**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အောင်မြေစံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ တော်လတီကျေးရွာအုပ်စု၊ ဓမ္မိတ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မူလစာတော်ပြန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၁၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော် - ရန်ကုန်လမ်းပိုင်း)ပေါ်ရှိတိုးဂိတ်များ CCTV Camera၊ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံနေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) ပေါ်ရှိ တိုးဂိတ်များ လမ်းအသုံးပြုခကောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ပေါ်ရှိ လမ်းအသုံးပြုခကောက်ခံလျက်ရှိသော စီလမ်းဆုံတိုးဂိတ်၊ တောင်ငူမီနီတိုးဂိတ်၊ (၁၁၅)မိုင်ဖြူးတိုးဂိတ်၊ ဒရယ်မီးမီနီတိုးဂိတ်၊ ဘောနက်ကြီးမီနီတိုးဂိတ်များသို့ရောက်ရှိပြီး CCTV Camera၊ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံနေမှု၊ တိုးဂိတ်အဆောက်အအုံ ကြံ့ခိုင်မှုနှင့် ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု၊ နေ့စဉ်ကောက်ခံရရှိမှုကို စာရင်းပြုစုထားရှိမှု၊ လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေးဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၀/၇)ရှိ အမှတ်(၃)လမ်းဆုံတိုးဂိတ်သို့ ရောက်ရှိပြီး တိုးဂိတ်အဆောက်အအုံ ကြံ့ခိုင်မှုနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

---

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၀°C |
| ရန်ကုန် | ၂၆°C | / | ၃၄°C |
| မန္တလေး | ၂၅°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည်နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို . . .**

**❖ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး ရေတိုရေရှည်အစီအမံများချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည်ဖြစ်၊ နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာငလျင်ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်မည် . . .**

**❖ ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ပြည်တွင်းပြည်ပစေတနာရှင်၊ အလှူရှင်များက ကျပ်ငွေ ၁၁၂ ဒသမ ၈၇ ဘီလီယံ၊ အလှူပစ္စည်းတန်ဖိုး ၁၂ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၂၇ ဘီလီယံ လှူဒါန်းခဲ့ . . .**

**❖ ပြည်တွင်းပြည်ပမှ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်များ၊ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုများသည် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်မှုများအပေါ် များစွာအထောက်အကူဖြစ်စေ၊ ချစ်ကြည်ရင်းနှီးမှုနှင့်ဘေးသင့်သူများအတွက် စိတ်ခွန်အားများကိုပါရရှိစေ၊ အလှူရှင်များအားလုံးကို နိုင်ငံတော်နှင့် ငလျင်ဘေးသင့်သူများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း . . .**

☆ **စာမျက်နှာ ၁၇ မှအဆက်**

ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့်တစ်နိုင်ငံလုံးရှိပြည်သူများ စိတ်ထိခိုက်ခံစားနေရသည့်အပြင် **ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုလိုအပ်သောကြောင့်တပ်မတော်အနေဖြင့်ဧပြီလ (၂)ရက်မှစပြီး ယခုမေလကုန်ထိ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ သတ်မှတ်ထုတ်ပြန်ထား**ကြောင်း၊ **ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်သက်ဆိုင်သူများအနေဖြင့်လည်း ယာယီအားဖြင့် အပစ်အခတ်ရပ်စဲထားခြင်းအပေါ် အလေးထားစဉ်းစားပြီး လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလို**ကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ **ဆောင်ရွက်သည့်အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့်ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းစဉ်းစားပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် အစကောင်းမှအနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံဆောင်ရွက်ခဲ့မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရသည့် ကုန်ကျစရိတ်ထက် (၇)ဆခန့် လျော့နည်းသက်သာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို**ကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများမြန်ဆန်ထိရောက်အောင်မြင်နိုင်မည်

**နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရေတိုရေရှည်အစီအမံများချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ ငလျင်ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်မည်**ဖြစ်ကြောင်း။

ဧပြီလ(၁)ရက်နေ့၊ **ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ပြည်တွင်းပြည်ပစေတနာရှင်၊ အလှူရှင်များက ကျပ်ငွေ ၁၁၂ ဒသမ ၈၇ ဘီလီယံ၊ အလှူပစ္စည်းတန်ဖိုး ၁၂ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၂၇ ဘီလီယံ လှူဒါန်းခဲ့**ကြကြောင်း၊ မိမိတို့ မြန်မာလူမျိုးများသည် ကိုယ်ချင်းစာတရားကြီးမားကြသူများဖြစ်ပြီး ဆင်းရဲဒုက္ခကို ထပ်တူထပ်မျှခံစားကာ အမြဲရိုင်းပင်းကူညီတတ်ကြသူများဖြစ်ကြောင်း၊ ထို့အပြင် အလှူအတန်းတွင်လည်း ရက်ရက်ရောရော ပေးကမ်းလှူဒါန်းလေ့ရှိသူများဖြစ်ကြောင်း။

**ပြည်တွင်းပြည်ပမှ အားတက်သရောထောက်ပံ့လှူဒါန်းပေးကြသည့်စေတနာရှင်များ၊ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုများသည် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်မှုများအပေါ် များစွာအထောက်အကူဖြစ်စေ**ကြောင်း၊ **ချစ်ကြည်ရင်းနှီးမှုနှင့်ဘေးသင့်သူများအတွက် စိတ်ခွန်အားများကိုပါရရှိစေ**ခဲ့ကြောင်း၊ ထို့ကြောင့် **အလှူရှင်များအားလုံးကို နိုင်ငံတော်နှင့် ငလျင်ဘေးသင့်သူများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း**ဖြင့်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များ၊ တက်ရောက်လာကြသူများသည် **“မြေငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏ စွမ်းရည်၊ မွန်မြတ်သည့် ဂုဏ်ဒြပ်”** မှတ်တမ်း Video ကို အတူတကွကြည့်ရှုကြသည်။

### အလှူငွေများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ၊ လာအိုနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင်အလှူရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင်များက အသီးသီးလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအားကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် လှူဒါန်းမှုအနေဖြင့် အိမ်ခန်း ၁၆ ခန်းပါ ၄ ခန်းတွဲ ၄ ထပ်တိုက်အဆောက်အဦတစ်လုံး လျှင် ငွေကျပ်သိန်း ၂၀၀၀၀ နှုန်းဖြင့် အလုံးပေါင်း ၅၁ လုံးအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၁ ဒသမ ၅၃ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၁၃၄၉၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ချီးမြှင့်ငွေနှင့် ကျောင်းသုံးဗလာစာအုပ်ပေးအပ်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ဌာနများမှ ဝန်ထမ်းများ၏ သားသမီးများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်စရိတ် ချီးမြှင့်ငွေနှင့် ကျောင်းသုံးဗလာစာအုပ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေး မိဘများအနေဖြင့် အခက်အခဲများ လျော့ပါးစေရန်နှင့် ကလေးများအားလုံး စိတ်ချမ်းသာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် KG မှ Grade-5 ထိ၊ Grade-6 မှ Grade-9 ထိ၊ Grade-10 မှ Grade-12 ထိနှင့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် Grade-10 မှ Grade-12 အထိနှင့် KG မှ Grade-9 အထိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်တို့က ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ဌာနများမှ ဝန်ထမ်းများ၏ သားသမီး စုစုပေါင်း ၄၅၇ ဦးရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ငွေနှင့် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၁၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်တစ်ဦးက မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

☆ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်

ဦးစွာ အခမ်းအနားအစီအစဉ်အရ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်ကြသည်။

## သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားခဲ့ရမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈)ရက်တွင်ဖြစ်ပွားခဲ့သည့်မြေငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၀)ခုတွင် ထိခိုက်မှုရှိခဲ့ပြီး (၆)ခုတွင် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရကြောင်း၊ ထိုကဲ့သို့ ဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများအတွက် စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြခြင်းဖြစ်သည့်အတွက် ယနေ့ အခမ်းအနားသည် မင်္ဂလာရှိသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ရေကြီးရေလျှံမှု၊ မုန်တိုင်းဝင်ရောက်မှု၊ မိုးခေါင်ရေရှားမှုများအနေဖြင့် နှစ်စဉ်နှစ်တိုင်းလိုလိုဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့်နှစ်များအတွင်း၌လည်း ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် (၈)ခုတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင်လည်း ပြင်းအား ၇ ဒသမ ၇ ရှိသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သောကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့သကဲ့သို့ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီနှင့် မိသားစုများ၌လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း။

## အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ

ငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်(၁၀)ခုတွင်ရှိသည့် ရပ်ကွက် ၃၇၄ ခု၊ ကျေးရွာအုပ်စု ၉၄၄ စု၊ ကျေးရွာ ၂၀၈၁ ရွာ၊ အိမ်ထောင်စု ၁၆၂၁၆၇၊ လူဦးရေ စုစုပေါင်း ၅၀၆၀၆၉ ဦး ဘေးသင့်ခဲ့ပြီး သေဆုံးသူ ၃၇၃၉ ဦး၊ ပျောက်ဆုံးသူ ၆၈ ဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦး ရှိကြောင်း။

နေအိမ်၊ အဆောက်အဦနှင့် အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၁၂၁၀ လုံး၊ လမ်းလုပ်ငန်း ၄၃၁ ခု၊ တံတား ၁၀၃ စင်း၊ ရထားလမ်းပျက်စီးနေရာ ၈၃ နေရာနှင့်ရထားလမ်းတံတား ၁၁ စင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ခု၊ မဟာဓာတ်အားလိုင်း ၁၀ လိုင်း၊ ဓာတ်အားလိုင်းတိုင် ၃၄၃၅ တိုင်၊ ဆည်မြောင်း ၅၉၄ ခု၊ တာတမံ ၆ ခု၊ ဌာနအဆောက်အဦ ၁၁၃၃၈ လုံး၊ ဆေးရုံ ၃၈၄ ရုံ၊ ဆေးခန်း ၃၆၄ ခန်း၊ ရှေးဟောင်းအဆောက်အဦနှင့်ပြတိုက် ၁၆၆ ခု၊ အခြေခံပညာကျောင်း ၂၄၀၉ ကျောင်း၊ အဆင့်မြင့်ပညာကျောင်း ၇၂ ကျောင်း၊ ပုဂ္ဂလိကစာသင်ကျောင်း ၉၀၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**❖ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုလိုအပ်သောကြောင့် တပ်မတော်အနေဖြင့် ဧပြီလ(၂)ရက်မှစပြီး ယခုမေလကုန်ထိ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ သတ်မှတ်ထုတ်ပြန်ထား၊ ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့်လည်း ယာယီအားဖြင့် အပစ်အခတ်ရပ်စဲထားခြင်းအပေါ် အလေးထားစဉ်းစားပြီး လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလို . . .**

**❖ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်သည့်အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းစဉ်းစားပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ် . . .**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ အလှူရှင်တစ်ဦးက မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

ဘုရားစေတီ ၆၄၆၉ ဆူ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် အခြားဘာသာရေးအဆောက်အဦ ၅၅၈၈ ခု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၄၄ ခု၊ သီးနှံ ၇၈ ဒသမ ၅ ဧက၊ တိရစ္ဆာန် ၁၃၃၇၀၀ ကောင် ထိခိုက်ပျက်စီးခဲ့ရပြီး မူလပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ငွေကျပ် ၃၈၀၄ ဒသမ ၅၄၉ ဘီလီယံဖြစ်ကြောင်း။

## ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး

မတ်လ (၂၈)ရက် ငလျင်လှုပ်ခတ်ပြီးချိန်၌ ငလျင်ဘေးသင့်ဒေသများနှင့် ထိခိုက်ဒဏ်ရာရလူနာများအား ဆေးရုံ၌ ကုသပေးနေမှုများကို မိမိကိုယ်တိုင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်မှာ ယနေ့အထိ စုစုပေါင်း ၁၅ ကြိမ်ရှိခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် စီမံလမ်းညွှန်မှုများ ပေးခဲ့ကြောင်း။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင်လည်း အဆင့် (၅) ဆင့်သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းအင်အားစုများ အပြည့်အဝပါဝင်ခဲ့ကြကြောင်း၊ ထို့အပြင် ပြည်ပနိုင်ငံများမှ လာရောက်ကူညီကြသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆောက်အအုံများအတွင်း ပိတ်မိနေသူ ၆၅၃ ဦးကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦးကို ဖော်ထုတ်ရှာဖွေပေးနိုင်ခဲ့ကြောင်း။

ငလျင်ဘေးတုံ့ပြန်ရေး ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre– DMC)ကို ၂၀၂၅ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှစတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင်ရှိသည့် လုပ်ငန်းကော်မတီများအလိုက် တုံ့ပြန်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်း၊ ဘေးသင့်ပြည်သူများအတွက် လတ်တလောယာယီနေထိုင်နိုင်ရေးဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဈေးကားဖြင့် လှည့်လည်ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် အရေးပေါ်လိုအပ်ချက်ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် မိုးမကျမီ ယာယီအမိုးအကာအောက်ရောက်ရှိစေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ယာယီကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများ၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ တုံ့ပြန်မှုများဆောင်ရွက်သည့်အခါတွင် နိုင်ငံတကာက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ AHA Centre၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှပေးပို့လှူဒါန်းသည့်အလှူပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများတွင်ရှိသည့် လိုအပ်နေသည့် ပြည်သူများထံသို့ အချိန်မဆိုင်းဘဲ ဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ်များ၌ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အပျက်အစီးများ

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Well-wishers present donations to provide relief aid and rehabilitation undertakings for Mandalay earthquake victims at the second donation ceremony



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivers an address at the donation ceremony.

NAY PYI TAW May 29

Well-wishers presented donations to provide relief aid and rehabilitation undertakings for Mandalay earthquake victims at the second donation ceremony held at Bayintnaung Yeiktha here this afternoon. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address and accepted the donations.

Also present were Chairman of National Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, the SAC Joint Secretary, SAC members, union ministers, union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, local and foreign well-wishers and ministry officials.

**A minute silence**

The Senior General and party, internal and external donors, and attendees observed a minute silence as an indication of respect for the people who died in the earthquake.




Senior General Min Aung Hlaing accepts a donation of US$- 200,000.

**Encounter with natural disasters**

In his address, the Senior General said the earthquake jolted on 28 March 2025 affected 10 regions and states including Nay Pyi Taw and the effects were severe in six of them. At this ceremony, well-wishers donate cash contributions for the victims. Hence, it is an auspicious one.

Climate change is bringing floods, cyclones and droughts into the country almost every year. Cyclone Mocha in 2023 and Typhoon Yagi in 2024 also caused downpours and floods in eight regions and states. This year, a 7.7 magnitude earthquake triggered a lot of loss and damage in the nation as well as individuals and families.

**Loss and damage caused by Mandalay earthquake**

The powerful earthquake hit 374 wards, 944 village-tracts, 2,081 villages, 162,167 households and 506,069 persons in ten regions and states including Nay Pyi Taw Council Area. Moreover, 3,739 died, 5,104 were wounded and 68 were missing.

It also destroyed 51,210 houses, 431 road works, 103 bridges, railroads at 83 places, 11 rail bridges, 6,730 mobile

See Page - 21 ●●




Senior General Min Aung Hlaing accepts donation from Deputy PM and Union Minister U Than Swe.

●● From Page - 21

**must consider not only current hazards but also potential future risks. Reconstruction must meet established standards to ensure long-term resilience.** Investing in disaster risk reduction from the outset can reduce recovery costs by up to seven times compared to post-disaster spending. Such investments enhance national resilience and protect economic and developmental gains from natural disasters. Therefore, **we emphasize that proactive investment in disaster prevention not only strengthens national resilience but also safeguards economic and developmental progress from being undermined by natural calamities.**

**Rehabilitation efforts can be carried out effectively and quickly by cooperation**

**The government will exert efforts to rehabilitate things to create better conditions than previous ones by taking short-term and long-term measures to effectively and successfully carry out rehabilitation tasks without leaving anyone behind. As there are limits in the capacity of the government alone to do so, rehabilitation of earthquake-hit areas can be carried out effectively, quickly and successfully only with such cooperation.**

**At the first ceremony to present cash donations** on 1 April, **local and foreign well-wishers donated Ks-112.87 billion and relief items worth Ks-12.4 billion, totaling Ks-125.27 billion.** The people of Myanmar are greatly sympathetic and helpful to others by taking their troubles as one's own. Moreover, they are generous in donations.

**The cooperation of well-wishers, donor countries and organizations and individuals, who offered enthusiastic support and donations from inside and outside the country, contributes a lot to efforts of the government, creating friendship and mental strength among earthquake victims. Therefore, the government would like to express thanks to all well-wishers on behalf of the country and earthquake victims.**

Then, the Senior General and party, local and foreign well-wishers, donors and participants watched the documentary video **"Earthquake rehabilitation and capabilities and the noble reputation of Myanmar citizens."**

**Cash donations accepted and certificates of honour presented**

Afterwards, union ministries, families of the Tatmadaw (Army, Navy, Air), ambassadors of Laos and Sri Lanka to Myanmar, well-wishers and donors presented cash donations and the Senior General accepted the cash donations and presented certificates of honour to them.

Then, well-wishers, state and region governments, union ministries and organizations continued to present cash donations. Chairman of National Disaster Management Committee, Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win, Joint Secretary of the SAC General Ye Win Oo and SAC members accepted the cash donations and presented certificates of honour to well-wishers.

After the ceremony, the Senior General and party cordially greeted the well-wishers and hosted tea for them.

At today's ceremony to donate cash to support earthquake victims and to carry out rehabilitation tasks, well-wishers at home and abroad donated Ks-131.53 billion and US$-2,314,900 to construct 51 four-unit four-storey buildings comprising 16 apartments and each building will be constructed at a cost of Ks-2 billion. **100**

# More than 7,000 acres of soya bean harvested in Mawlaik District

MAWLAIK May 29

According to the statistics from the Mawlaik District Department of Agriculture, a total of 7,220 acres of soya bean from the winter crop season have been fully harvested in Mawlaik District, Sagaing Region.

During the winter cropping season in Mawlaik District, a total of 7,892 acres of soya bean were cultivated. Harvesting began in January of this year, and so far, 298 acres have been harvested in Mawlaik Township, while 6,922 acres have been harvested in Phaungpyin Township, making a total of 7,220 acres. The average yield is reported to be 17.96 baskets per acre.

"The total soya bean cultivation area in Mawlaik District for this winter cropping season reached 7,892 acres, out of which 7,220 acres have already been harvested. Currently, farmers have been able to expand cultivation beyond the initially planned acreage. We are also conducting awareness campaigns to prevent pest infestations. Additionally, we have made arrangements to ensure the availability of quality seeds and have informed farmers accordingly," said Daw Kywe Kywe Hlaing, the head of the Mawlaik District Agriculture Department.

The township agriculture departments in Mawlaik District have provided technical support to soya bean farmers, ensuring they use high-quality and pure seeds suited to the local environment, follow proper farming practices, prevent pest infestations, apply fertilizers systematically, and achieve high yields.

This winter cropping season, in collaboration with farmers, necessary measures have been taken to ensure the productivity and quality of soya bean crops. This includes providing quality seeds, improving soil fertility, and offering technical training on post-harvest techniques.

**SMK**

## State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# UK to build US$-1 billion 'kill web' to unleash cyber attacks

LONDON May 29

The move was announced by Defence Secretary John Healey, who referred to the same old mantra about alleged threats from Russia and China as a pretext to form the unit, The Telegraph reports.

The new unit would fall under General James Hockenhull, UK Strategic Command.

The program includes at least US$-1.3 billion to build an AI-powered Digital Targeting Web ("kill web") by 2027.

The project also comprises real-time targeting across land, air, sea, space and cyber, as well as offensive hacking ops and drone and missile signal jamming.

The focus will be on degrading enemy communications and command systems.

The new "kill web" will link satellites, F-35 jets, drones, and sensors using AI — turning data into instant battlefield decisions.

**Sputnik**

# Israel accepts new US ceasefire proposal for Gaza - reports

JERUSALEM May 29

Israeli Prime Minister Benjamin Netanyahu has agreed to the latest ceasefire proposal put forward by US special envoy Steve Witkoff, according to local media reports.

Having informed the families of the surviving Israeli hostages of this development, Netanyahu claimed that Israel is ready to go ahead with the deal.

Hamas, in the meantime, is less enthusiastic about the new US proposal, pointing out that it does not guarantee that this temporary ceasefire would translate into a permanent one.

Witkoff's proposal entails a 60-day ceasefire, during which 10 Israeli hostages and the bodies of 18 more hostages will be handed over to the Israeli side.



Humanitarian aid shipments to Gaza are expected to resume as soon as Hamas agrees to this ceasefire plan, with the distribution to be handled by the United Nations and the Red Crescent.

As soon as the ceasefire begins, negotiations for a permanent truce are expected to kick off.

**Sputnik**

# Two killed, 27 injured in traffic collision in NW Tunisia

TUNIS May 29

Two people were killed and 27 others injured on Thursday morning in a traffic collision in Tunisia's northwestern province of El Kef, the private radio station Jawhara FM reported.

A truck transporting female farmworkers collided with a light vehicle on the national highway between El Kef and Tunis in the Dar Essalem area, killing one female farmworker and the driver of the light vehicle, Jawhara FM quoted Moncef El Houani, regional director of public health in El Kef, as saying.

The injured have all been transported to the Kef Regional Hospital for treatment, four of whom require further medical attention, Jawhara FM reported.

**Xinhua**

# Immigrant arrested after threatening to kill Trump

WASHINGTON May 29

US immigration authorities have arrested a Mexican man who allegedly threatened to shoot President Donald Trump, according to the Department of Homeland Security (DHS).

In a press release issued on Wednesday, DHS Secretary Kristi Noem thanked US Immigration and Customs Enforcement (ICE) officers, saying the "illegal alien is behind bars."

Earlier this month, ICE received a handwritten letter from 54-year-old Ramon Morales Reyes in which he vowed to "shoot your precious president in (his) head" at one of Trump's rallies. The DHS published an image of the letter, in which Morales blamed ICE for deporting his family and, after threatening to kill Trump, promised to self-deport.

"We are tired of this president messing with us Mexicans – we have done more for this country than you, white people," the letter read.

Morales, who, according to DHS, entered the US illegally at least nine times between 1998 and 2005 and has a criminal record that includes a felony hit-and-run, was arrested the next day and is now awaiting deportation. Trump survived an assassination attempt when a gunman took shots at him during a campaign rally in Butler, Pennsylvania. The would-be assassin grazed Trump's ear with a bullet, killed a spectator in the crowd behind him, and injured several others.

"This threat comes not even a year after Butler and less than two weeks after former FBI Director (James) Comey called for the President's assassination," Noem said, urging politicians and the media to "tone down their rhetoric."

**RT**

# Laos, Russia agree to strengthen legal cooperation

VIENTIANE May 29

The Office of the Supreme People's Prosecutor of Laos and the Prosecutor General's Office of Russia have agreed to jointly carry out activities in 2025-2026, with the goal of enhancing legal cooperation and promoting mutual understanding in prosecutorial work.

Under an agreement signed here on Wednesday, the two sides will hold at least one official meeting each year and regularly exchange professional and legal documents. These exchanges aim to build institutional capacity, support legal reforms, and support the rule of law in both countries, the local Pasaxon newspaper reported on Thursday.

The two sides will convene joint meetings to discuss enhancing prosecutorial functions and the integration of digital technologies, including the potential use of artificial intelligence in legal work. Expert meetings will also be held on child protection and measures to combat crimes against children.

Additionally, both parties agreed to participate in joint training sessions at least once a year and to regularly exchange legal, technical, and scientific documents to strengthen prosecutorial cooperation.

**Xinhua**

# Three dead, 3 injured in warehouse collapse in northern Spain

MADRID May 29

Three people were killed and three others injured on Thursday when a warehouse collapsed in the northern Spanish region of Asturias.

According to local emergency services, the incident occurred around 1 p.m. local time (1100 GMT) near Coana, a town of approximately 3,000 residents in the western part of the province. The roof of the warehouse, which was under construction on a livestock farm, suddenly gave way.

Police have launched an investigation to determine the cause of the collapse.

A total of nine individuals were present at the site when the accident occurred. Three managed to escape uninjured, while one of the injured is reported to be in serious condition.

**Xinhua**

●● From Page - 18

phone centers, ten cable lines of national grid, 3,435 cable towers, 594 irrigation facilities, six dams, 11,338 departmental buildings, 384 hospitals, 364 dispensaries, 166 ancient buildings and museums, 2,409 basic education schools, 72 schools of higher education, 90 private schools, 6469 pagodas, 5,588 monasteries, nunneries and other religious buildings, 344 private industries, 78.5 acres of crops, 133,700 animals, causing a loss of Ks- 3,804.549 billion in current prices.

**Rescue, Clearance of Debris, and Rehabilitation**

After the earthquake on March 28, I personally visited the affected areas and hospitals treating the injured. To date, I have made a total of 15 field visits to earthquake-stricken regions, providing necessary aid and guidance.

Search and rescue operations were carried out in five stages, with full participation from domestic forces. Additionally, we collaborated with international rescue teams to conduct emergency search and rescue missions. Through these efforts, 653 people trapped under rubble were rescued alive, and 806 deceased victims were recovered.

To respond to the earthquake disaster, the Disaster Management Centre (DMC) was established on March 29, 2025, under the National Natural Disaster Management Committee. Task-specific committees systematically carried out response operations, including providing temporary shelters, supplying drinking water, and distributing essential food and consumer goods through mobile markets.

Emergency needs such as communication, electricity restoration, and temporary shelters before the rainy season were also addressed. Temporary health clinics were set up to provide medical care, including necessary treatments and surgeries.

During these response efforts, international humanitarian aid was welcomed. Countries and organizations such as the People's Republic of China, India, the Russian Federation, AHA Centre, Vietnam, Bangladesh, Thailand, Indonesia, Pakistan, Belarus, Laos, Singapore Red Cross Society, Nepal, UAE, Brunei, and Malaysia donated relief supplies, which were promptly distributed to those in need.

Emergency search and rescue operations have been completed in the regions severely affected by the earthquake. Currently, debris clearance and rehabilitation efforts are being carried out diligently. Given the nationwide emotional impact and **the urgent need for stability during reconstruction, the Tatmadaw has declared a temporary ceasefire from April 2 until the end of May. We urge all ethnic armed groups and stakeholders to prioritize national and public interests by adhering to this temporary cessation of hostilities.**

**In rehabilitation efforts, we**

See Page - 19 ●●



Senior General Min Aung Hlaing and party, donors, and attendees observe a minute silence.



Senior General Min Aung Hlaing accepts donation from Chief of the General Staff (Army,Navy and Air) General Kyaw Swa Lin.



Senior General Min Aung Hlaing enjoys tea party with donors.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ချမ်းမြသာစည်မြို့နယ် တမွဝတီရပ်ကွက်ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီပုထိုးအပျက်အစီးများအား တပ်မတော်သားများက ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ် မက္ခရာကျေးရွာရှိ မက္ခရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီတော်ကြီးများ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်တာဝါတိုင်စခန်းအား ကြည့်ရှုစစ်ဆေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ သောတာပန်ရပ်ကွက်နှင့် နန်းဦးမြို့သစ်တို့ရှိ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ အပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြင့်ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက လုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်တာဝါတိုင်စခန်းသို့ သွားရောက်၍ တာဝါတိုင်ကြွခိုင်မှု၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ ငလျင်ဒဏ်သင့်နေအိမ်အဆောက်အအုံအပျက်အစီးများကို မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြင့်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့် ပေါင်းလဲကြီး(မဟာရွှေသာလျောင်း) မြတ်စွာဘုရားနှင့် နဂါးရုံဘုရားတို့၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ရှေးဟောင်းစေတီအပျက်အစီးများအား ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိရသော ဌာပနာတော်များ ထိန်းသိမ်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှု၍ အလှူငွေပေးအပ်လှူဒါန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများအားဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိအဆောက်အအုံများ၌ စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းမြို့ရိုးသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လွှန်ကဲတံခါး၊ ပြာသာဒ်နေရာများနှင့် ကျုံး၏အရှေ့တောင်ထောင့်ရှိ ငလျင်ဒဏ်ကြောင့် မြေအောက်သို့ နိမ့်ဝင်သွားသော နတ်ကွန်းအား ပြန်လည်မတင်ခြင်းလုပ်ငန်းများ၊ ချမ်းမြသာစည်မြို့နယ်၊ တမွဝတီရပ်ကွက်၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ ကွမ်းသီးတန်းရပ်နှင့် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းအနောက်ရပ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အပျက်အစီးများနှင့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည်ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်ရှိ မဟာဂန္ဓာရုံကျောင်း၌ မုခ်ဦးပြုပြင်နေမှုများ၊ စာချကိုယ်တော်များအတွက် ကျောင်းဆောင်နှင့် ဆွမ်းစားဆောင်ကြမ်းခင်းများ ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

၎င်းနောက် ကျောက်ဆည်မြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ (မြင်စိုင်း) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ အင်ရောင်းကျေးရွာရှိ အင်ရောင်းဆေးဝါးစက်ရုံတွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်နေမှု၊ မင်းစုကျေးရွာရှိ အိမ်သုံးစတီးပစ္စည်းစက်ရုံ(မင်းစု)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု၊ စဉ့်ကိုင်မြို့နယ်၊ ညှော့ပြကျေးရွာအုပ်စု၊ မက္ခရာကျေးရွာ၊ မက္ခရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီတော်ကြီးများ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဂျာမနီက ယူကရိန်းအား Taurus ဒုံးကျည်များပေးခြင်းက စစ်ပွဲကြီးကိုဖြစ်စေနိုင်ဟုဆို


မော်စကို၊ စစ်ရေး

ဂျာမနီအစိုးရက ယူကရိန်းနိုင်ငံအား Taurus ဒုံးကျည်များကို ပေးအပ်သွားရန် ဆုံးဖြတ်ထားခြင်းသည် ရုရှား-ယူကရိန်း စစ်ဘောင်ကို ဥရောပဒေသတစ်ဝန်းသို့ ပျံ့နှံ့စေပြီး စစ်ပွဲကြီးကိုဖြစ်စေနိုင်ကြောင်း ဘိုလစ်ဗီးယားနိုင်ငံမှ သုတေသီတစ်ဦးက Sputnik သတင်းဌာနသို့ ပြောသည်။

အဆိုပါ Taurus ဒုံးကျည်များကို ပေးအပ်ရန် ဂျာမနီဝန်ကြီးချုပ်ဖရိုင်းဒရစ်မာ့က ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ထိုသို့ဆုံးဖြတ်ခြင်းက ယူကရိန်းနိုင်ငံမှနေ၍ ရုရှားနိုင်ငံအတွင်းပိုင်းသို့တိုက်ခိုက်ရန် ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း ဘိုလစ်ဗီးယား ပထဝီနိုင်ငံရေးနှင့် လုံခြုံရေးသုတေသီ ဟိုဆေးဟူဂိုဟိုးဒစ်မာကာဒိုက ပြောခြင်းဖြစ်သည်။

ဂျာမနီအစိုးရ၏လုပ်ဆောင်ချက်ကို စစ်ရေးရှုထောင့်မှကြည့်ပါက ရုရှား-ယူကရိန်းပဋိပက္ခတွင် ဂျာမနီနိုင်ငံအနေဖြင့် သွယ်ဝိုက်သောအားဖြင့် ပါဝင်နေသည်ကို ပြဆိုနေကြောင်း၊ နိုင်ငံရေးရှုထောင့်မှကြည့်ပါက တိုက်ရိုက်ပါဝင်စွက်ဖက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ပါဝင်မှုကြောင့် ဥရောပတိုက်ကြီးတစ်တိုက်လုံးဆီသို့ စစ်မီးကူးစက်သွားစေနိုင်ကြောင်း၊ ထို့မှတစ်ဆင့်စစ်ပွဲကြီးကိုပင်ဖြစ်စေနိုင်ကြောင်း သုတေသီကပြောသည်။

အလားတူ ရုရှားနိုင်ငံရှိမည်သည့်နေရာကိုမဆို ဂျာမနီနိုင်ငံကထုတ်လုပ်ထားသော Taurus ဒုံးကျည်ထိမှန်ပါက ဂျာမနီနိုင်ငံသည် ယူကရိန်းဘက်မှစစ်ကူပါဝင်သည်ဟုသတ်မှတ်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ မာရီယာဇခါရိုဗာက ပြောသည်။ ထို့အတူ ယူကရိန်းနိုင်ငံသို့လက်နက်များပေးပို့မှုက ပဋိပက္ခဖြေရှင်းမှုကိုဟန့်တားနေခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်။ Ref: Sputnik



# တောင်ကိုရီးယား၌ ရေကြောင်းကင်းလှည့်လေယာဉ်ပျက်ကျ လိုက်ပါသူလေးဦးစလုံးသေဆုံး

ပိုဟန်း၊ မတော်တဆမှု

တောင်ကိုရီးယားနိုင်ငံအရှေ့တောင်ပိုင်းရှိ ပိုဟန်းမြို့၌ မေလ ၂၉ ရက်တွင် ရေကြောင်းကင်းလှည့်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ အဆိုပါလေယာဉ်နှင့် လိုက်ပါသူလေးဦးစလုံးသေဆုံးကြောင်း တောင်ကိုရီးယားရေတပ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။



ထိုကင်းလှည့်လေယာဉ်သည် မွန်းလွဲ ၁ နာရီ ၄၉ မိနစ်တွင် ပိုဟန်းမြို့ရှိတောင်တစ်လုံးကိုဝင်တိုက်ကာ ပျက်ကျသွားခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါက်ကွဲသံနှင့်အတူ မီးခိုးလုံးများထွက်ပေါ်လာသည်ကို မြင်တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများကပြောသည်။

"P-3 ကင်းလှည့်လေယာဉ်တစ်စင်းက ပျံသန်းခြင်းနဲ့ဆင်းသက်ခြင်းလေ့ကျင့်ခန်းလုပ်ဖို့ ၁ နာရီ ၄၃ မိနစ်လောက်မှာ လေတပ်စခန်းကနေထွက်သွားတာပါ။ ၁ နာရီ ၄၉ မိနစ်မှာတော့ တောင်နဲ့တိုက်မိပြီးပျက်ကျသွားတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတာတော့ အခုထိမသိရသေးပါဘူး" ဟု ရေတပ်ကထုတ်ပြန်သည်။ သေဆုံးသူလေးဦးမှာ အရာရှိနှစ်ဦးနှင့် အခြားအဆင့်နှစ်ဦးဖြစ်ကြောင်းသိရသည်။ Ref: Yonhap

# အစိုးရစွမ်းဆောင်ရည်ဌာနမှ အီလွန်မတ် နုတ်ထွက်မည်

ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဖွဲ့စည်းထားသော အစိုးရစွမ်းဆောင်ရည်ဌာနတွင် အကြီးအကဲတာဝန်ကိုယူထားသည့် ကမ္ဘာ့အချမ်းသာဆုံးသူဌေးအီလွန်မတ်က ရာထူးမှနုတ်ထွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဗဟိုအစိုးရအဖွဲ့၏ဆောင်ရွက်မှုများက အမေရိကန်ပြည်သူများအတွက် များစွာသောအကျိုးဖြစ်ထွန်းစေရန်နှင့် မလိုအပ်သည့်အသုံးစရိတ်များကိုလျှော့ချရန် ထရမ့်ကအဆိုပါဌာနကိုဖွဲ့စည်းထားခြင်းဖြစ်သည်။ ယခုအခါ ထရမ့်နှင့်အီလွန်မတ်တို့ကြား စိတ်ဝမ်းကွဲမှုများရှိလာစဉ် အီလွန်မတ်အနေဖြင့် အစိုးရရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလာခြင်းဖြစ်သည်။ အီလွန်မတ်၏ အစိုးရစွမ်းဆောင်ရည်ဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၏ ဒေါ်လာ ၁၇၅ ဘီလီယံကို အလေအလွင့်မဖြစ်စေရန် လုပ်ဆောင်နိုင်ခဲ့ကြောင်းသိရသည်။ Ref: RT

## သတင်းတိုကဏ္ဍ

### ထိုင်း-ကမ္ဘောဒီးယားနယ်စပ်ပဋိပက္ခ နှစ်နိုင်ငံကြည်းတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေး

ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ကြားဖြစ်ပွားသော နယ်စပ်ပဋိပက္ခနှင့် ပတ်သက်၍ နှစ်နိုင်ငံကြည်းတပ်ဦးစီးချုပ်များက ထိုင်းနိုင်ငံ၌တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသဘောတူညီချက်များစွာ ရရှိခဲ့ကြောင်းသိရသည်။

နှစ်နိုင်ငံမှလုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၂၈ ရက်နံနက်ပိုင်းတွင် နှစ်နိုင်ငံပိုင်နက်အငြင်းပွားနယ်မြေ၌ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခြင်းဖြစ်ပြီး ထိုဖြစ်စဉ်တွင် ကမ္ဘောဒီးယားစစ်သည်တစ်ဦးသေဆုံးသွားသည်။

မေလ ၂၉ ရက် ညနေ ၃ နာရီတွင် နှစ်နိုင်ငံကြည်းတပ်ဦးစီးချုပ်များက တစ်နာရီ မိနစ် ၂၀ ကြာ တွေ့ဆုံဆွေးနွေးပြီးနောက် ပူးတွဲသဘောတူညီချက်များရရှိကြောင်း၊ လက်ရှိဖြစ်ပွားသောပြဿနာကို ပူးတွဲနယ်စပ်ရေးရာကော်မရှင်မှတစ်ဆင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ နောင်တွင် ထိုကဲ့သို့သောဖြစ်စဉ်မဖြစ်ပွားရေးအတွက် နှစ်ဖက်စလုံးအနေဖြင့် နယ်စပ်ဒေသတစ်လျှောက်တွင် သင့်လျော်မှုရှိပြီးထိပ်တိုက်မတွေ့နိုင်သောနေရာများတွင်အခြေချသွားမည်ဖြစ်ကြောင်းသိရသည်။ Ref: LT

### ဗြိတိန်က ဆိုက်ဘာတိုက်ခိုက်မှုများကိုတုံ့ပြန်ရန် ချေမှုန်းရေးကွန်ရက်တည်ဆောက်မည်

ဗြိတိန်နိုင်ငံသည် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဆိုက်ဘာတိုက်ခိုက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် ချေမှုန်းရေးကွန်ရက်ကိုတည်ဆောက်သွားမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျွန်ဟီလီက ပြောသည်။

အဆိုပါကွန်ရက်ကို AI နည်းပညာဖြင့် အဓိကပံ့ပိုးတည်ဆောက်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်အဖြစ် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံအသုံးပြုကာ ၂၀၂၇ ခုနှစ်အကုန်တွင် စတင်အသုံးပြုနိုင်ရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးကပြောသည်။

ထိုကွန်ရက်စနစ်တွင် ဆိုက်ဘာတိုက်ခိုက်မှုအတွက်ကိုသာမက မြေပြင်၊ ရေပြင်၊ ဝေဟင်နှင့်အာကာသနယ်ပယ်တစ်ဝန်းတွင်အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်ရှာဖွေရေးလုပ်ငန်းဆောင်ရွက်မှုပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးကပြောထားသည်။

ထို့ပြင် အဆိုပါကွန်ရက်သည် ဂြိုဟ်တုများ၊ F-35 တိုက်လေယာဉ်များ၊ ဒရုန်းများနှင့် AI အသုံးပြုအာရုံခံကိရိယာများနှင့်ချိတ်ဆက်ပြီး ဆုံးဖြတ်ချက်များချမှတ်ပေးမည်ဖြစ်သည်။ Ref: Sputnik

### ဆွစ်ဇာလန်၌ရေခဲတောင်ပြိုကျမှု တောင်ခြေရှိကျေးရွာတစ်ခုလုံးကိုဖုံးလွှမ်း

ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်းရှိတောင်ကြားဒေသတစ်ခု၌ ရေခဲတောင်ကြီးပြိုကျမှုဖြစ်ပွားရာ တောင်ခြေရှိကျေးရွာတစ်ခုလုံးမှာ ကျောက်တုံးကျောက်ခဲများ၊ ရေခဲများဖုံးလွှမ်းသွားကြောင်းသိရသည်။

ထို့နောက် တာဝန်ရှိသူများက ရေခဲတောင်ပြိုကျမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးမှုအန္တရာယ်နှင့်ပတ်သက်၍ မေလ ၂၉ ရက်တွင်စောင့်ကြည့်မှုများ လုပ်ဆောင်နေကြောင်းထုတ်ပြန်ထားသည်။

နိုင်ငံတောင်ပိုင်း ဗာလေ့ဒေသတွင်ရှိသော ဘာ့(ချ်)ရေခဲတောင်ပြိုကျမှုကြောင့် ဘလတ်တန်ရွာမှာပျက်စီးသွားကြောင်း၊ လူဦးရေ ၃၀၀ ခန့်ရှိသည့် ထိုကျေးရွာမှ ပြည်သူများကို ပြီးခဲ့သည့်သီတင်းပတ်ကတည်းက ဘေးကင်းရာသို့ရွှေ့ပြောင်းပေးထားခြင်းဖြစ်ကြောင်း၊ သို့သော်အမျိုးသားတစ်ဦးမှာမူ ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ထိုနေရာ၌ရှိနေပြီး လက်ရှိအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ Ref: TST

### တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးမှုစတင်


တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲအတွက်ကြိုတင်မဲပေးခြင်းကို မေလ ၂၉ ရက်တွင်စတင်ကြောင်းနှင့် ရွေးကောက်ပွဲဝင်အဓိကပြိုင်ဘက်ကိုယ်စားလှယ်နှစ်ဦးကလည်း ကြိုတင်မဲလာပေးကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတယွန်းဆက်ယိုအနေဖြင့် ရာထူးမှဖယ်ရှားခံရပြီးနောက် အဆိုပါရွေးကောက်ပွဲကိုကျင်းပခြင်းဖြစ်ပြီး ရွေးကောက်ပွဲကြီးကိုမူ ဇွန်လ ၃ ရက်တွင်ကျင်းပသွားမည်ဖြစ်သည်။

လက်ရှိအချိန်အထိ ကောက်ယူရရှိသောစစ်တမ်းများအရ ရွေးကောက်ပွဲတွင် သမ္မတအဖြစ် ရွေးကောက်ခံရနိုင်ခြေအများဆုံးရှိသူမှာ လီဂျေးမြောင်ဖြစ်ပြီး ၎င်းအနေဖြင့် လူထုထောက်ခံမှု ၄၉ ရာခိုင်နှုန်းကိုရရှိထားသည်။

လီဂျေးမြောင်၏နောက်တွင် ဒုတိယ ရေပန်းအစားဆုံးသူမှာ အလုပ်သမားရေးရာဝန်ကြီးဟောင်းဖြစ်သည့် ကင်မွန်းဆူးဖြစ်ပြီး ၎င်းအပေါ်လူကြိုက်များမှုက ၃၅ ရာခိုင်နှုန်းရှိကြောင်း Gallup စစ်တမ်းကောက်ယူရေးအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Ref: BP

# အမေရိကန်မှာပျံ့နှံ့နေတဲ့ ကိုရိုနာဗိုင်းရပ်မျိုးကွဲ NB.1.8.1



ကိုဗစ်-၁၉ ရောဂါက အခုတလောနိုင်ငံတချို့မှာ ပြန်လည်ပျံ့နှံ့လာနေပါတယ်။ ဒီရောဂါကိုဖြစ်စေတဲ့ ကိုရိုနာဗိုင်းရပ်ဆိုတာကလည်း အခုအချိန်အထိကို ပျောက်ကွယ်သွားခြင်းမရှိသေးဘဲ မျိုးကွဲတွေတစ်မျိုးပြီးတစ်မျိုးပြောင်းလဲဖြစ်ပေါ်လာနေဆဲဖြစ်တယ်လို့ ကျန်းမာရေးပညာရှင်များစွာက သတိပေးထားပါတယ်။

လက်ရှိမှာဆိုရင်ပဲ အမေရိကန်နိုင်ငံမှာ NB.1.8.1 ဆိုတဲ့ ကိုရိုနာဗိုင်းရပ်မျိုးကွဲတစ်မျိုး ပျံ့နှံ့လျက်ရှိနေတာကိုတွေ့ရပါတယ်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုထဲကိုဝင်ရောက်ရာနေရာများဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှာ ဒီရောဂါပိုးကူးစက်ခံရသူတွေကိုစစ်ဆေးတွေ့ရှိရတာကနေ ပြည်တွင်းကူးစက်မှုအထိမြင့်မားလာတာပါ။ ဒီကိုရိုနာဗိုင်းရပ်မျိုးကွဲကိုတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လေ့လာစောင့်ကြည့်နေဆဲမျိုးကွဲတစ်ခုဖြစ်တယ်လို့ထုတ်ပြန်ထားပါတယ်။

အမေရိကန်နိုင်ငံအတွင်းမှာ NB.1.8.1 မျိုးကွဲဟာ ဧပြီလကုန်ပိုင်းတုန်းက စတင်ပျံ့နှံ့ခဲ့တာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အဓိကအားဖြင့် တရုတ်၊ ပြင်သစ်၊ ဂျပန်၊ နယ်သာလန်၊ စပိန်၊ တောင်ကိုရီးယားနဲ့ ထိုင်းနိုင်ငံတို့မှ အမေရိကန်ကိုရောက်ရှိလာတဲ့ ခရီးသွားတွေဆီမှာ ပါလာခဲ့တာဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အဲဒီမျိုးကွဲကတော်တော်လေးကိုပျံ့နှံ့နေတာဖြစ်ပြီး ကူးစက်ခံရသူများအနက် အရေးပေါ်ကုသမှုခံယူရသူများရှိသလို ဆေးရုံတက်ရောက်ကုသမှုခံယူရသူများလည်းရှိနေတာကို တွေ့ရှိရပါတယ်။ အမေရိကန်နိုင်ငံအတွင်းမှာဆိုရင် ကယ်လီဖိုးနီးယား၊ ဟာဝိုင်ယီ၊ နယူးယောက်၊ အိုဟိုင်းယိုး၊ ဗာဂျီးနီးယားနဲ့ ဝါရှင်တန်တို့လိုပြည်နယ်တွေမှာ ကူးစက်မှုဖြစ်ပွားနေတာကိုတွေ့ရပါတယ်။

NB.1.8.1 မျိုးကွဲကိုရိုနာဗိုင်းရပ်ကူးစက်ခံရသူတွေအနေနဲ့ခံစားရတဲ့ ရောဂါလက္ခဏာတွေဟာလည်း တခြားကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူတွေခံစားရတဲ့ ရောဂါလက္ခဏာတွေနဲ့သိပ်မကွာပါဘူး။ လည်ချောင်းနာမယ်၊ အဖျားတက်မယ်၊ မောပန်းမယ်။ ဒီလောက်ပါပဲ။ တခြားနိုင်ငံတွေကနေထုတ်ပြန်ထားတဲ့ အချက်အလက်တွေအရဆိုရင်လည်း NB.1.8.1 မျိုးကွဲက ရောဂါပြင်းထန်စွာမဖြစ်ပွားစေတာကို တွေ့ရပါတယ်။ သို့ပေမယ့်လည်း သူ့ရဲ့မျိုးရိုးဗီဇကိုကြည့်မယ်ဆိုရင် တခြားကလာပ်စည်းတွေကို လွယ်လင့်တကူကူးစက်ပျံ့နှံ့ စေမယ့်ပြောင်းလဲမှုတွေရှိထားတာကြောင့် သူက ရောဂါကူးစက်ပျံ့နှံ့တာကို အလွန်မြန်ဆန်စေမှာဖြစ်ပါတယ်။

ဒီတော့ လက်ရှိအသုံးပြုနေတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွေက ထိရောက်မှုရှိပါ့မလားဆိုပြီး စိုးရိမ်မှုတွေလည်းရှိလာကြပါတယ်။ ပညာရှင်များရဲ့ ထုတ်ပြန်ချက်အရဆိုရင် NB.1.8.1 ဆိုတာက အိုမီခရွန်မျိုးကွဲ ကိုရိုနာဗိုင်းရပ်ရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တာကြောင့် လက်ရှိအသုံးပြုနေတဲ့ ကာကွယ်ဆေးတွေ၊ မကြာသေးမီကခံစားရတဲ့ ရောဂါကူးစက်မှုတွေက NB.1.8.1 ကူးစက်မှုကြောင့် ရောဂါပြင်းထန်စွာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်စွမ်းရှိပါတယ်။

ဒါကြောင့် NB.1.8.1 ဗီဇပြောင်းရောဂါပိုးကိုဘယ်လိုမျိုးကာကွယ်ရမလဲဆိုတော့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကိုပဲ ဆက်လက်ထိုးနှံနိုင်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းအားဖြင့် အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံအားနည်းသူများမှာ ရောဂါပြင်းထန်စွာဖြစ်ပွားနိုင်ခြေကို ကောင်းစွာလျှော့ချပေးနိုင်မှာပါ။ ဒါ့အပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်ရေးနည်းလမ်းများဖြစ်တဲ့ တစ်ကိုယ်ရည်သန့်ရှင်းရေးကိုဂရုစိုက်ခြင်း၊ လူထူထပ်တဲ့နေရာများသို့သွားခြင်းကိုရှောင်ခြင်းတို့အားဖြင့်လည်း ရောဂါကူးစက်မှုကို ကာကွယ်နိုင်ပါတယ်။

Ref: TIME

K.H

# သက်လတ်ပိုင်းမှာ အကြားအာရုံချို့ယွင်းမှုနဲ့ဆက်စပ်နေတဲ့ မှတ်ဉာဏ်ကျဆင်းမှု



ရှစ်နှစ်ကြာသုတေသနပြုလေ့လာမှုတစ်ခုမှာ အကြားအာရုံကျန်းမာရေးက မှတ်ဉာဏ်ကျဆင်းမှုနဲ့ဆက်စပ်နေတယ်ဆိုတဲ့ အချက်တစ်ချက်ကို ပညာရှင်များကတွေ့ရှိလိုက်ပါတယ်။ ပညာရှင်များက ဘရာဇီးနိုင်ငံသား ၈၀၅ ဦးကိုရှစ်နှစ်ကြာလေ့လာမှုတွေလုပ်ခဲ့တာပါ။ သူတို့ရဲ့လေ့လာမှုအရတွေ့ရှိချက်မှာတော့ အသက် ၅၀ ကျော်လာချိန် သက်လတ်ပိုင်းမှာတွေ့ကြုံရတဲ့ အကြားအာရုံချို့ယွင်းမှုက အသက်အရွယ်ရလာချိန်မှာ မှတ်ဉာဏ်ကျဆင်းမှုဖြစ်ပေါ်စေနိုင်တယ်ဆိုတဲ့အချက်ကိုဖော်ပြထားတာတွေ့ရပါတယ်။

ဒီတွေ့ရှိချက်ဟာ သက်ကြီးပိုင်းတွေမှာ ဒီမန်းရှားလို့ခေါ်တဲ့ ရောဂါကြောင့်ဖြစ်သောစိတ်ဖောက်ပြန်မှုဖြစ်ပွားခြင်းကိုကာကွယ်နိုင်ဖို့အတွက် အရေးကြီးတဲ့ တွေ့ရှိချက်တစ်ခုဖြစ်ပါတယ်။ ဒီမန်းရှားဆိုတာက မှတ်ဉာဏ်တို့၊ တွေးခေါ်မှုတို့၊ ဆင်ခြင်တုံတရားရှိမှုတို့ကျဆင်းသွားတဲ့အခြေအနေကိုခေါ်တာပါ။ ဒီအခြေအနေကြောင့် နေ့စဉ်လူမှုဘဝနေထိုင်ရေးမှာအဟန့်အတားအနှောင့်အယှက်ဖြစ်စေတာဖြစ်ပါတယ်။

သုတေသနအရဆိုရင်လူအများစုဟာ အသက် ၅၀ ကျော်လာချိန်မှာ အကြားအာရုံချို့ယွင်းလာတတ်တယ်လို့ဆိုပါတယ်။ ဆောင်ပေါင်လိုဆေးကျောင်းမှ ပါမောက္ခတစ်ဦးဖြစ်တဲ့ ကလော်ဒီယာဆူအီမိုတို ဦးဆောင်တဲ့ပညာရှင်များရဲ့သုတေသနအရဆိုရင် အခုလိုအကြားအာရုံချို့ယွင်းလာခြင်းက ဒီမန်းရှားဖြစ်ခြင်းနဲ့ဆက်စပ်နေရတဲ့ အကြောင်းရင်းနှစ်ရပ်ရှိတယ်လို့ သိရပါတယ်။ ပထမအကြောင်းရင်းတစ်ခုက သောတအာရုံဆိုတာ ဦးနှောက်ဆီသတင်းအချက်အလက်ပေးပို့ဖို့အတွက်အဓိကကျတဲ့လမ်းကြောင်းတစ်ခုဖြစ်နေတာကြောင့်ဖြစ်ပါတယ်။

အကြားအာရုံရှိနေခြင်းကြောင့်ဦးနှောက်ဆီကနေတုံ့ပြန်မှုတွေကို ပြန်လည်ရရှိနေတာဖြစ်ပါတယ်။ အကယ်၍များ အကြားအာရုံမရတဲ့အခါမှာ ဦးနှောက်ကလည်း သူသိရှိထားတဲ့မှတ်ဉာဏ်တွေကိုပြန်ဖော်ထုတ်ဖို့ အားနည်းလာပါတယ်။ ဒါကြောင့်ပဲ အကြားအာရုံချို့ယွင်းခြင်းက မှတ်ဉာဏ်ကျဆင်းရခြင်းရဲ့ အကြောင်းရင်းတစ်ရပ်ဖြစ်လာပါတယ်။

နောက်ထပ်အကြောင်းရင်းတစ်ခုက ပြုမူလှုပ်ရှားမှုနဲ့များစွာသက်ဆိုင်နေပါတယ်။ အကြားအာရုံချို့ယွင်းသူများဟာ လူ့အသိုင်းအဝိုင်းနဲ့တသီးတသန့်ကွဲထွက်သွားစေပါတယ်။ အကြားအာရုံချို့ယွင်းသူတွေရဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေဟာ သူတို့ရဲ့မိတ်ဆွေကိုစကားပြောနိုင်ဖို့အတွက် အသံကျယ်ကျယ်နဲ့ပြောရခြင်း၊ စကားတစ်ခွန်းကိုပဲ ထပ်ခါထပ်ခါပြောရခြင်း အစရှိတဲ့အခြေအနေတွေကြောင့် အကြားအာရုံချို့ယွင်းသူတွေဟာ ပတ်ဝန်းကျင်နဲ့မသိမသာကွဲထွက်လာရပါတယ်။

ဒီလိုမျိုးပတ်ဝန်းကျင်နဲ့ကွဲထွက်လာရတဲ့အတွက် အကြားအာရုံချို့ယွင်းသူတွေဟာ သူတို့ကိုယ်သူတို့ပိတ်လှောင်လိုက်ကြပြီး ဘယ်အရာကိုမှစိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ အများနဲ့ဝေးရာမှာသာရှင်သန်ခြင်းတို့ကြောင့် ဒီအခြေအနေဟာ ဒီမန်းရှားဖြစ်ရခြင်းအတွက် အဓိကကျတဲ့အကြောင်းရင်းတစ်ခုဖြစ်လာရခြင်းဖြစ်တယ်လို့ သုတေသနပညာရှင်များကပြောထားပါတယ်။ သုတေသနမှာပါဝင်သူအများအပြားအနေနဲ့ အကြားအာရုံချို့ယွင်းရခြင်းက အမျိုးမျိုးသောလုပ်ငန်းခွင်အခြေအနေများကြောင့် အများဆုံးဖြစ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် အကြားအာရုံချို့ယွင်းမှုမဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းခွင်အတွင်း အကာအကွယ်များတပ်ဆင်ခြင်းနဲ့ နားကြပ်နဲ့သီချင်းများနားထောင်ရာမှာလည်း အသံကျယ်လောင်စွာနဲ့ နားထောင်ခြင်းမပြုဖို့ ပညာရှင်များကသတိပေးထားပါတယ်။

Ref: STD


K.H

# နိုင်ငံတော်ဩဝါဒါစရိယ၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ ဒုတိယဂဏာဓိပတိဆရာတော် ဘဒ္ဒန္တသူရိယ (အဘိဇဓမဟာရဋ္ဌဂုရု) သက်တော်(၉၆)နှစ်၊ သိက္ခာ (၇၆)ဝါရှိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ ဇေယျဝတီကျောင်းတိုက်၊ တိုက်အုပ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ ဒုတိယဂဏာဓိပတိဆရာတော် ဘဒ္ဒန္တသူရိယ (အဘိဇဓမဟာရဋ္ဌဂုရု) သက်တော်(၉၆)နှစ်၊ သိက္ခာ (၇၆)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ မေလ ၂၉ ရက်၊ ကြာသပတေးနေ့၊ နံနက် (၀၀:၁၉) အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမစျာပနအခမ်းအနားကို ဇွန်လ ၂ ရက် တနင်္လာနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ဘုန်းကြီးပျံကုန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ



## နိုင်ငံတော်ဩဝါဒါစရိယ၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ ဒုတိယဂဏာဓိပတိ ဆရာတော် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ ဇေယျဝတီကျောင်းတိုက်၊ တိုက်အုပ်၊ ဘဒ္ဒန္တသူရိယ (အဘိဇဓမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ တလိုင်းတောင်ကျေးရွာ၊ ခမည်းတော် ဦးဘဦး + မယ်တော် ဒေါ်နှင်းရုံတို့မှ ၁၂၉၂-ခုနှစ်၊ ဝါခေါင်လဆန်း(၁)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည်၁၃၀၃-ခုနှစ်၊ ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ ဇလွန်းအရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမန (ဆဋ္ဌဂဏ ဝိမုတ်ကူးတို့ဂိုဏ်းချုပ်)ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁) ရက်နေ့တွင် ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ အရှေ့ကျောင်းတိုက်ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ ဇလွန်းအရှေ့ကျောင်းဆရာတော်၊ ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက်ဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းတိုက်ဆရာတော်၊ မန္တလေး၊ အနောက်ပြင်၊ တောင်သမန်တိုက်၊ မဟာမြိုင်ကျောင်းဆရာတော်၊ ဝေယံဘုံသာကျောင်းတိုက်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာ့သိပ္ပံကျောင်းဆရာတော် စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၅၆ ခုနှစ်တွင် “သာသနဓဇသိရီပဝရဓမ္မာစရိယ” ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ထားဝယ်မြို့၊ ဇေယျဝတီစာသင်တိုက်၌ ၁၃၁၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်အထိ စာချသက်တမ်း ၇၁-နှစ်တိုင် စာသင်သား ရဟန်း သာမဏေတို့အား နေ့ဝါ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခြင်း၊ တောင်ပွားဆရာတော်၏အလုပ်ပေးတရား၊ ဇေယျဝတီ ရှင်ကျင့်ဝတ်နှင့်လူကျင့်ဝတ်၊ ဇေယျဝတီ စိန်ရတုသဘင်အထိမ်းအမှတ် စာစောင်၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း စည်းမျဉ်းဥပဒေစာတမ်း၊ ဇေယျဝတီဝိပဿနာဘာဝနာကျမ်း၊ ဥပမာပေါင်းစုံ တရားရိပ်မြုံကျမ်းစာတို့ကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ တိုင်း/မြို့နယ်ဝိနည်းဓိုရ်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနမှုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဥ္ဆနဂုဏ်၊ ရတ္တညျူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့်ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၄-ခုနှစ်တွင် **“အဘိဇဓမဟာရဋ္ဌ ဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၆)နှစ်၊ သိက္ခာ(၇၆)ဝါအရ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ (၂၉-၅-၂၀၂၅)ရက်၊ ကြာသပတေးနေ့၊ နံနက် (၀၀:၁၉) အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့်အန္တိမစျာပန အခမ်းအနားကို (၂-၆-၂၀၂၅) တနင်္လာနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ဘုန်းကြီးပျံကုန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ

**(၂၉-၅-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၆၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မေ ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ



# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေလ၂၉ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိအသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေလ ၂၈ ရက်ညနေ ၅ နာရီမှ မေလ ၂၉ ရက်ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံ Shanghai United Cell Biotechnology Co.,Ltd. မှ လှူဒါန်းသည့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး ၁၀၂ ပုံး(အလေးချိန် ၂ ဒသမ ၀၆၉ တန်)ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့် ကာကွယ်ဆေးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂၉


ယနေ့ နံနက် ၆ နာရီ၊ ၃၂ မိနစ်၊ ၀၂ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏အရှေ့တောင်ဘက် မိုင် ၃၀ ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၇ ဒီဂရီ အနက် ၈၅ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မေ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **မေလ ၂၇ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားမြို့နယ်၌ တရားမဝင်ကျွန်းသစ်(၃ ဒသမ ၇၆၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၀၉၁၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ တရားမဝင်မီးသွေး(၆ ဒသမ ၃၅၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **မေလ ၂၈ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်နှင့်ကလေးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၌ စက်လှေ(၁)စင်းပေါ်မှ တရားမဝင် အခြားသစ် (၆ ဒသမ ၇၅၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၃၂၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် သစ်သားစက်လှေ(၁)စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၃၀၃၂၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Iveo Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘုရားကြီးလမ်းဆုံအနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ စဥ့်ကိုင်ကတ္တားအကျော်၊ ပေါ်တော်မူဘုရားမုခ်ဦးအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၀၁၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၁၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်၊ သင်္ကန်းကျွန်းကြီးကျေးရွာ၊ ကာယ(၁၀)လမ်း၊ အမှတ်(၂၇)(၄/၁၇)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်နှင့် ဖျာပုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆)စီး၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း(၉၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၅၅၀၀)ကိုလည်းကောင်း၊ တောင်ကြီးမြို့၊ (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှတောင်ကြီးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၁၈၁၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Wish မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၈၄၇၃၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ကုန်သေတ္တာ(၁၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၈၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ်၁၇၇၈၁၅၀၄၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၆၁၅၀၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၃၅၀၈၀၈၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၅ | ၂၉၇၀ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၁၀ | ၂၉၂၅ | ၄၅၀၅ | ၃၂၂၀ | ၂၉၄၅ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၆၀ |
| 95 Ron | ၂၉၃၀ | ၃၀၂၅ | ၂၉၉၀ | ၂၉၂၅ | ၃၀၃၀ | ၃၀၄၅ | ၃၀၆၀ | ၂၉၈၀ | ၄၅၆၀ | ၃၂၇၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၇၀ | ၃၀၃၅ | ၃၀၅၅ | ၃၃၃၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၅၁၅ | ၂၄၈၅ | ၂၄၂၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၅၅ | ၂၄၇၅ | - | ၂၇၇၀ | ၂၄၉၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၃၀ | ၂၅၅၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၈၃၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | - | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၀ | ၂၇၇၈ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၂၅၃ | ၂၃၂၇ |
| HSD (50 ppm) | ၂၈၀၁ | ၂၈၈၇ |
| HSD (10 ppm) | ၂၈၀၁ | ၂၈၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော် နောက်ဆုံးဆင့်ဖြေဆိုပူဇော်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော် နောက်ဆုံးဆင့် ဖြေဆိုပူဇော်ပွဲနှင့်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ကျင်းပသည်။

အခမ်းအနားကို နမောတဿ ဗုဒ္ဓပဏာမဖြင့်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ပဏ္ဍိတာဘိဝံသက သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့လုပ်ငန်းစဉ်များကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲဆိုင်ရာ ၁၀ သိန်းနှင့်အထက် မတည်အလှူရှင်များ၊(ဗဟို)အဖွဲ့ ဂုဏ်ထူးဆောင်ဆရာတော်များက ကုသိုလ်ရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)အဖွဲ့ရုံး ဗိမာန်တော်ကြီး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီး ပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ကျပ်သိန်း ၁၀၀နှင့် ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲအတွက် ကျပ်သိန်း ၅၀ တို့ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဘဏ္ဍာရေးမှူး ဒေါက်တာ မြသီတာဆွေတင်နှင့်အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာဆရာတော်ကြီးကိုယ်စား သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) နာယက ဦးစိန်မော်ကလက်ခံရယူသည်။



ဆက်လက်၍ အလှူအတွက် သိန်း ၅၀ နှင့်အထက် မတည်အလှူရှင်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များနှင့် ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရာ ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲတွင် ဗုဒ္ဓဝံသဒီပလိုမာအောင်လက်မှတ်ရရှိကြသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဥက္ကဋ္ဌဆရာတော်နှင့် ဂုဏ်ထူးဆောင်ဆရာတော်များကပေးအပ်ချီးမြှင့်ကြသည်။

ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော်နောက်ဆုံးဆင့် Grand Final ကိုမေလ ၂၈ ရက်ညနေပိုင်းကဖြေဆိုခဲ့ကြရာ မအိကြာဖြူက ရမှတ် ၁၂၉ ဒသမ ၄ မှတ်ဖြင့် ပထမ၊ မောင်ကောင်းလျှံက ရမှတ် ၁၂၈ ဒသမ ၈ မှတ်ဖြင့် ဒုတိယ၊ မသဇင်ထွန်းက ရမှတ် ၁၂၈ ဒသမ ၂ မှတ်ဖြင့် တတိယ၊ မမျိုးကြယ်စင်က ရမှတ် ၁၂၈ မှတ်ဖြင့် စတုတ္ထ၊ မနှင်းထက်ထက်အေးက ရမှတ် ၁၂၃ ဒသမ ၆ မှတ်ဖြင့် ပဉ္စမ၊ မောင်သစ်လွင်ထူးက ရမှတ် ၁၁၆ မှတ်ဖြင့် ဆဋ္ဌမရရှိခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီးပဓာနနာယကဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်တို့ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို)နာယကနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားသူများ တက်ရောက်ကြကြောင်း သိရသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ(Play & Stay)ဆုငွေကျပ်သိန်း ၁၂၀ အစီအစဉ်ကို ဆက်လက်ဖြေဆိုမှုကို ကြည့်ရှုအားပေးပြီး ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲဆုချီးမြှင့်ရန် အတွက်အလှူငွေပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**မြဝတီ**




**ပျောက်ဆုံးကြောင်း**
နန်းခမ်းကြည်(ဘ)ဦးဆန်းပွင့် ၁၃/သနန(နိုင်)၀၆၂၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 295786)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၆၁၉၁၈၆၇

**ပျောက်ဆုံးကြောင်း**
တင့်နိုင်ဝင်း(ဘ)ဦးတင်သိန်း ၇/ကဝန(နိုင်)၁၁၉၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၃၂၉၂၇၇

**အစုရှယ်ယာမတည်ငွေရင်း လျှော့ချကြောင်းကြေညာခြင်း**
NATION LIGHT CONSTRUCTION COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် 113430982 သည် ၁၉၊ မေလ၊ ၂၀၂၅ တွင် ကျင်းပသည့် အထူးအစည်းအဝေးအရ မတည်ငွေရင်းပမာဏတန်ဖိုးအား လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒါရိုက်တာအဖွဲ့
NATION LIGHT CONSTRUCTION COMPANY LIMITED

**ပျောက်ဆုံးကြောင်း**
မဦးမေဝင်း(ဘ)ဦးဝင်းလှိုင် ၁၁/ပတန(နိုင်)၁၄၂၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၁၉၇၃၂၄

**ပျောက်ဆုံးကြောင်း**
ချိုမာအေး(ဘ)ဦးရွှေကြိုင်သိန်း ၄/ပလဝ(နိုင်)၀၈၁၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၆၇၀၆၂၉

**ပျောက်ဆုံးကြောင်း**
ဦးကြည်လှ(ဘ)ဦးစိန်လှိုင် ၁၂/သဃက(နိုင်)၀၄၇၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၄၇၈၂၁

**အမည်မှန်**
တိုက်ကြီးမြို့နယ်နေ ၁၂/တကန(နိုင်)၁၇၇၆၅၇ ကိုင်ဆောင်သူ ဦးအောင်မြင့်မြတ်၏သား မောင်သန့်တေဇထွဋ်၏ အမည်မှန်မှာ မောင်သန့်တေဇအောင်ဖြစ်ပါကြောင်း။
မောင်သန့်တေဇအောင်

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ်၊ Grade-8 မှ မဇင်ဇင်နှင်း၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော်နိုင် ၁၁/ကဖန(နိုင်)၀၇၈၁၁၂ ဖြစ်ပါကြောင်း။
ဦးဇော်ဇော်နိုင်

**အမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က-သိမ်ဆိပ်၊ Grade-11 မှ မောင်ခွန်ခန့်ကျော်ကျော်အောင်၏ အမည်မှန်မှာ ခွန်ခန့်ကျော်ကျော်အောင် ၃/မဝတ(နိုင်)၁၃၁၄၆၀ ဖြစ်ပါကြောင်း။
ခွန်ခန့်ကျော်ကျော်အောင်

**အမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က-သိမ်ဆိပ် Grade-11 မှ မဝန်းပြည့်ပြည့်အောင်၏အမည်မှန်မှာ မဝန်းပြည့်အိမ် ၁၀/သထန(နိုင်)၃၂၃၁၄၉ ဖြစ်ပါကြောင်း။
မဝန်းပြည့်အိမ်

**ပျောက်ဆုံးကြောင်း**
ရွယ်နန့်(ဘ)ဦးဇော်ရိန် ၁/မကတ(နိုင်)၁၂၉၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၇၇၃၂၅၂

**ပျောက်ဆုံးကြောင်း**
ဖြူစင်သန့်(ဘ)ဦးခင်မောင်ထွန်း ၁၂/ဒဂမ(နိုင်)၀၂၅၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၀၅၇၈

**ပျောက်ဆုံးကြောင်း**
စံစပယ်မွန်(ဘ)ဦးစံထွန်းလှ ၁၂/မဂဒ(နိုင်)၁၆၆၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၆၈၉၂၂၅

**ပျောက်ဆုံးကြောင်း**
ပညာဝံသ(ဘ)ဦးလှသန်း ၁၂/အစန(သ)၀၀၁၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၃၂၃၀၀

**ပျောက်ဆုံးကြောင်း**
ဟုတ်လှိုင်(ဘ)ဦးကျော်ခင် ၁၂/လမတ(နိုင်)၀၀၈၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၃၉၃၃၄၃

**ပျောက်ဆုံးကြောင်း**
မြင့်ထူး(ဘ)ဦးအောင်သိန်း ၈/ကမန(နိုင်)၀၄၂၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဦးသန်းလွင်(ဘ)ဦးလှမောင် ၁၂/ဥကတ(နိုင်)၀၂၉၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၃၀၆၂၁၆၀

**ပျောက်ဆုံးကြောင်း**
စိမ်းနွယ်(ဘ)ဦးခင်မောင်ညွန့် ၁၂/ရကန(နိုင်)၀၆၈၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၅၉၉၆၀၃

**ပျောက်ဆုံးကြောင်း**
ဝိသာခါ(ဘ)ဦးလှဝင်း ၁၂/သဃက(သီ)၀၀၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၁၀၀၀၃

**ပျောက်ဆုံးကြောင်း**
မြတ်နိုးထွန်း(ဘ)ဦးထွန်းမြင့် ၁၂/ဒဂတ(နိုင်)၀၉၅၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၇၆၅၉၃၃

**ပျောက်ဆုံးကြောင်း**
လှလှမော်(ဘ)ဦးသက်ဝေ ၁၄/ဇလန(နိုင်)၀၆၆၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေးမြတ်မွန်(ဘ)ဦးသိန်းလွင် ၈/အလန(နိုင်)၂၇၁၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 831151)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇာနီမော်(ဘ)ဦးသိန်းစံ ၁၄/ဟသတ(နိုင်)၂၇၇၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လက်ပံတန်းမြို့၊ မြို့မရပ်ကွက်နေ တိုးမြတ်ကျော်(ဘ)ဦးကျော်ဝင်း ၇/လပတ(နိုင်)၁၅၃၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြည့်မြင်တိုင်၊ သာစုအနောက်ရပ်ကွက်၊ အမှတ်(၁)သစ်စက်ဝန်းနေ ဇေယျာကျော်ထက်(ဘ)ဦးလှမြင့် ၁၂/ကမတ(နိုင်)၀၅၄၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပန်းကံကော်ကိုယ်ပိုင်မူလတန်းကျောင်း Grade-4 မှ အဘ ဦးသန်းဇော်လတ်၏သား မောင်ဩသုခဇော်အား မောင်အောင်ဟိန်းသာ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်အောင်ဟိန်းသာ

**ပျောက်ဆုံးကြောင်း**
ပြင်ဦးလွင်မြို့နေ ငြိမ်းချမ်းလွင်(ဘ)ဦးသိန်းလွင် ၉/ပဥလ(နိုင်)၀၁၇၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်မောင်(ဘ)ဦးလှမြင့် ၁၂/တမန(နိုင်)၁၀၀၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အိအိမိုး(ဘ)ဦးရဲမြင့် ၃/လဘန(နိုင်)၀၇၇၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(937185)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မောင်ဝင်းနိုင်(ဘ)ဦးစိုးအောင် ၃/ဘအန(နိုင်)၃၆၀၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 222374)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

# အေဂျက်ဇ်အသင်းက လစ်လပ်နေသည့်နည်းပြရာထူးအတွက် နည်းပြဟိုက်တင်ဂါကို ခန့်အပ်ရန် သဘောတူညီမှုရရှိ



**အမ်စတာဒမ် မေ ၂၉**

အေဂျက်ဇ်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် လီဗာပူးအသင်းလက်ထောက်နည်းပြဖြစ်သည့် နည်းပြဟိုက်တင်ဂါကို ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၄၁ နှစ်အရွယ် နည်းပြဟိုက်တင်ဂါသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၁ ခုနှစ်က အေဂျက်ဇ်အသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး အသင်းတွင် ကာလရှည် ကစားခဲ့ဖူးသူဖြစ်သကဲ့သို့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် နည်းပြဘဝကိုလည်း ၂၀၁၇ ခုနှစ်က အေဂျက်ဇ်လူငယ်အသင်းနှင့်စတင်ခဲ့သူဖြစ်သည်။

နည်းပြဟိုက်တင်ဂါသည် အေဂျက်ဇ် ယူ-၁၇ အသင်း၊ ယူ-၁၉ အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သည့်အပြင် ၂၀၂၃ ခုနှစ်ကလည်း အေဂျက်ဇ်အသင်းယာယီနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး ယခုဘောလုံးရာသီတွင် လီဗာပူးအသင်းနည်းပြ အာနီဆလော့၏လက်အောက်တွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အေဂျက်ဇ်အသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြအဖြစ် ဖာရီအိုလီကို ခန့်အပ်ခဲ့သော်လည်း ရာသီအကုန်တွင် အေဂျက်ဇ်အသင်းအနေဖြင့် အဆင့် (၂) နေရာ၌သာ ရပ်တည်နိုင်ခဲ့သည့်အတွက် နည်းပြဖာရီအိုလီက အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အေဂျက်ဇ်အသင်းက နည်းပြသစ်အဖြစ် နည်းပြဟောင်းတန်ဟတ်ကိုခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် ဟိုက်တင်ဂါကိုသာ ခန့်အပ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# အင်တာမိုင်ယာမီအသင်းကစားသမားနှစ်ဦးဖြစ်သည့် မက်ဆီနှင့် ဆွာရက်ဇ်တို့ပူးပေါင်းပြီး ဥရုဂွေးနိုင်ငံ၌ ကလပ်အသင်းတစ်သင်းတည်ထောင်

**မိုင်ယာမီ မေ ၂၉**

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းကစားသမားနှစ်ဦးဖြစ်သည့် မက်ဆီနှင့် ဆွာရက်ဇ်တို့ပူးပေါင်းပြီး ဆွာရက်ဇ်၏ဇာတိဖြစ်သည့် ဥရုဂွေးနိုင်ငံ၌ ဘောလုံးကလပ်အသင်းတစ်သင်းတည်ထောင်ခဲ့ကြောင်း သိရသည်။

မက်ဆီနှင့် ဆွာရက်ဇ်တို့သည် ဘာစီလိုနာအသင်း၌ ကာလရှည်လက်တွဲကစားခဲ့ကြသကဲ့သို့ အင်တာမိုင်ယာမီအသင်းသို့ မက်ဆီပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဆွာရက်ဇ်ကလည်း ပြီးခဲ့သည့်ဘောလုံးရာသီက အင်တာမိုင်ယာမီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒုတိယအကြိမ် ပြန်လည်လက်တွဲကစားခဲ့ကြခြင်းဖြစ်ပြီး ရင်းနှီးသည့်ဆက်ဆံရေးကောင်းများရှိသူများဖြစ်သည့်အတွက် ၎င်းတို့နှစ်ဦးပူးပေါင်းပြီး ဥရုဂွေးနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကာ အသင်းသစ်တစ်သင်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီနှင့်ဆွာရက်ဇ်တို့က ဥရုဂွေးနိုင်ငံ၌ ဘောလုံးကလပ်အသင်းတစ်သင်း တည်ထောင်ခဲ့ခြင်းကို လူမှုကွန်ရက်စာမျက်နှာတွင်လည်း တရားဝင်ကြေညာခဲ့ပြီး ကလပ်အသင်း၏အမည်ကိုလည်း ၎င်းတို့နှစ်ဦး၏အမည်ပါဝင်သည့် Deportivo LSM အမည်ပေးထားပြီး ဥရုဂွေးစတုတ္ထတန်းလိဂ်ပြိုင်ပွဲတွင် စတင်ဝင်ရောက်ကစားမည်ဖြစ်သည်။

Deportivo LSM အသင်းသည် အသင်း၏လေ့ကျင့်ရေးကွင်းအဖြစ် ဥရုဂွေးနိုင်ငံ၌ ဆွာရက်ဇ်ပိုင်ဆိုင်သည့် လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်မှုများလုပ်ဆောင်မည်ဖြစ်ပြီး အသင်းအိမ်ကွင်းကိုလည်း ဧက ၂၀ ကျယ်ဝန်းပြီး ပရိသတ်ဦးရေ ၁၄၀၀ ဝင်ဆံ့သည့်ကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။

လက်ရှိတွင် ဆွာရက်ဇ်နှင့် မက်ဆီတို့နည်းတူ အသင်းပိုင်ရှင် ကစားသမားများအဖြစ် လက်ရှိရီးယဲလ်မက်ဒရစ်အသင်းကစားသမားများဖြစ်သည့် ဗင်နီစီးယက်စ်နှင့် အမ်ဘတ်ပီတို့ကလည်း ကလပ်အသင်းတစ်သင်းစီကို ပိုင်ဆိုင်ထားကြကြောင်း သိရသည်။

*Ref;Fotmob*

# မန်ယူအသင်းတွင် ရုန်းကန်နေရသည့် တိုက်စစ်ကစားသမားဟွိုက်လန်းကို အင်တာမီလန်အသင်းက ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူရန်ကမ်းလှမ်း




**ရောမ မေ ၂၉**

အင်တာမီလန်အသင်းက မန်ယူအသင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့် တိုက်စစ်ကစားသမားဟွိုက်လန်းကို ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုတစ်ရပ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဟွိုက်လန်းသည် စီးရီးအေကလပ် အတ္တလန်တာအသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့ပြီး သွင်းဂိုးအများအပြားသွင်းယူနိုင်ခဲ့သော်လည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသကဲ့သို့ သွင်းဂိုးများရယူနိုင်ရန်ခက်ခဲနေသည့်အခြေအနေများကြောင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းက ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဟွိုက်လန်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီကတည်းက ရုန်းကန်ခဲ့ရပြီး ပြိုင်ပွဲစုံ ၄၃ ပွဲအထိ ပါဝင်ကစားခဲ့ကာ ၁၆ ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၂ ပွဲ ပါဝင်ကစားခဲ့ရာ ၁၀ ဂိုးတည်းသာ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက လာမည့်ဘောလုံးရာသီတွင် ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်များနှင့် လွဲချော်ခဲ့ရပြီး အသင်းဝင်ငွေများစွာ လျော့ကျလာမည်ဖြစ်သည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ကစားသမားအများစုကို ရောင်းချရန် ပြင်ဆင်လျက်ရှိပြီး ရောင်းချမည့်ကစားသမားစာရင်းတွင်လည်း ဟွိုက်လန်းကို ထည့်သွင်းထားခြင်းဖြစ်သည်။

အင်တာမီလန်အသင်းက အသင်းမှ တိုက်စစ်ကစားသမားမာတီနက်ဇ်အနေဖြင့် အနာဂတ်မရေမရာဖြစ်နေသည့်အတွက် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းလိုနေသောကြောင့် ဟွိုက်လန်းကို ဦးစားပေးခေါ်ယူရန် ကြိုးပမ်းနေပြီး ကနဦးတစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူကာ အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Football Insider*

# ဘာစီလိုနာအသင်းသို့ ရက်ရှ်ဖို့ဒ် ပြောင်းရွှေ့နိုင်ရန် အေးဂျင့်ဖြစ်သူ ချိတ်ဆက်နေ

**ဘာစီလိုနာ မေ ၂၉**

ဘာစီလိုနာအသင်းသို့ တိုက်စစ်မှူးရက်ရှ်ဖို့ဒ် ပြောင်းရွှေ့ကစားနိုင်ရေးအတွက် အေးဂျင့်ဖြစ်သူက ဘာစီလိုနာအသင်း တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းတွင် ယခုဘောလုံးရာသီ နည်းပြအမိုရင်လက်အောက်၌ ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့သည့်အပြင် အသင်းကစားသမားစာရင်းမှပင် ချန်လှပ်ခံခဲ့ရပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက အက်စ်တွန်ဗီလာအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းအနေဖြင့် ရက်ရှ်ဖို့ဒ်ကို အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်ဝယ်ယူခွင့်ပါရှိထားသော်လည်း အက်စ်တွန်ဗီလာအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်ထားသည့်အတွက် ရက်ရှ်ဖို့ဒ်ကို အပြီးသတ်မခေါ်ယူလိုဘဲ မန်ယူအသင်းထံ ပြန်လည်စေလွှတ်မည်ဖြစ်သည်။

ရက်ရှ်ဖို့ဒ်ကိုယ်တိုင်ကလည်း မန်ယူအသင်းနှင့် ပြန်လည်မပူးပေါင်းလိုသည့်အတွက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ *Ref;Tribal Football*

# နေပြည်တော် - သာစည် - သဲတော - မန္တလေးရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင်နေပြည်တော်-သာစည်-သဲတော-မန္တလေးရထားလမ်းပိုင်းတွင် မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းတံတား(အင်း၀)၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ သစ်သားဇလီဖားပေါင်းစက်ရုံ (မြို့ဟောင်း)နှင့်မန္တလေးဘူတာကြီးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာဒုတိယဝန်ကြီးသည်နေပြည်တော်–သာစည် – သဲတော – မန္တလေးရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုကို RBE ရထားဖြင့်လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး တံတားအဝင်/အထွက်နေရာများတွင် ခုန်ဆောင့်လူးမဖြစ်စေရေး Run Off Frame များစနစ်တကျတပ်ဆင်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များမှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်၊ သံလမ်းအဆက်နေရာများတွင် သံလမ်းအဆက်ညှိခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ရေတိုက်စားခံရသည့်နေရာများတွင် တာပခုံးများကိုသတ်မှတ်အကျယ်ရရှိအောင် စနစ်တကျဆောင်ရွက်ရန်၊ တံတားအသစ်ပြန်လည်တည်ဆောက်မည့် တံတားအမှတ် ၆၇၇၊ ၆၉၁၊ ၇၃၉ နှင့် ၇၇၁ တို့အတွက် Soil Test စနစ်တကျဆောင်ရွက်ရန်နှင့်ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောဘူတာရုံးခန်းနေရာများတွင်မော်ဂျူလာရုံးခန်းများ အမြန်ဆုံး အစားထိုးတည်ဆောက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေငလျင်ဒဏ်ကြောင့် သံပေါင်ခုံးများပြုတ်ကျခဲ့သည့် စစ်ကိုင်းတံတား(အင်း၀)သို့ သွားရောက်၍ တံတားဂုံးအမှတ် (၄) ဖျက်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မန္တလေးမြို့ ၇၇ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ ငလျင်ဒဏ်သင့်ခဲ့သည့် မြန်မာ့မီးရထားပိုင် ခြောက်ထပ်အဆောက်အအုံ ထိခိုက်ပျက်စီးမှုကိုလည်းကောင်း၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ သစ်သားဇလီဖားပေါင်းစက်ရုံ (မြို့ဟောင်း)နှင့် မန္တလေးဘူတာကြီးတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပိုးသတ်ဆေးအမျိုးပေါင်း ၁၈၅ မျိုး အတည်ပြုပေးနိုင်ရေးစိစစ်ဆွေးနွေး

နေပြည်တော် မေ ၂၉

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၅) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တိုင်းပြည်၏အဓိကစားသုံးသီးနှံများနှင့်ပြည်ပပို့ကုန်သီးနှံများအတွက် နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင်အထွက်နှုန်းတိုးတက်စေရန်အထောက်အကူပြုသောသွင်းအားစုတစ်ခုဖြစ်သည့် ပိုးသတ်ဆေးသုံးစွဲရာ၌ အရည်အသွေးပြည့်မီပြီး အန္တရာယ်ကင်းသော ပိုးသတ်ဆေးများ ထိရောက်စွာအသုံးပြုနိုင်ရန် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ်များကို ပိုမိုစနစ်တကျကောင်းမွန်စေရန် ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးတွေ့ရှိမှုပြဿနာဖြစ်ပွားမှု များပြားလာခြင်းကြောင့် မိမိတို့နိုင်ငံ၏ကုန်သွယ်မှု အခွင့်အလမ်းများ လျော့ကျလာနိုင်သဖြင့် ပိုးသတ်ဆေးအမျိုးအစားတစ်မျိုးချင်းစီအပေါ်၌ ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး ဓာတ်ကြွင်းများကြောင့် ထိခိုက်မှုမရှိစေရေးနှင့်စားသုံးသူများ ဘေးအန္တရာယ်ကင်းစင်ရေးအတွက် မှတ်ပုံတင်အဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူး က (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးရမည့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်တင်ပြစာများအားတင်ပြရာ လုပ်ငန်းစာတွဲတစ်ခုချင်းအပေါ် စိစစ်ဆွေးနွေးခဲ့ကြသည်။



ပိုးသတ်ဆေး မှတ်ပုံတင်ခြင်းလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် Manual မှ Online (Myanmar Agricultural Import Registration System (MAIRS) Online System စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၈၅ မျိုးကို အတည်ပြုပေးနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# သာစည်မြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် မေ ၂၉

သာစည်မြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေလ ၂၆ ရက် ည ၁၁ နာရီခွဲတွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမှ ရန်ကုန်သို့မောင်းနှင်လာသည့် YUTONG အမျိုးအစားခရီးသည်တင် EXPRESS ယာဉ်ပေါ်ပါ ခရီးသည် မနန်းအေးဟွမ်၊ မနန်းရွှေပွင့်(ခ)မခမ်းမော်၊ မမိုးပွင့်ဖြူ(ခ)ယွန်းယွန်း၊ မနန်းအေးအီနှင့် စိုင်းအိုက်ရွှေအောင်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ပြား(ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ်သိန်း ၁၅၀၀)နှင့် လက်ကိုင်ဖုန်း ၃ လုံး တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေလ ၂၇ ရက် နံနက် ၁၀ နာရီတွင် သတင်းအရသက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊



ယေရမိအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စတုံ(အောက်)ကျေးရွာအနီး၌ ယေရမိနှင့် လုကာတို့စီးနင်းမောင်းနှင်လာသည့် ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ ပြား(ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ်သိန်း ၂၀၀၀) နှင့်လက်ကိုင်ဖုန်း ၁ လုံးတို့ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၃ နာရီတွင် သတင်းအရသက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(ပြင်)ဘုန်းကြီးကျောင်းအနီး လမ်းမပေါ်၌ ကျနူး၊ ရေမနှင့် အိုက်ပေါင်း(ခ) အိုက်ပေါင်လော်တို့ စီးနင်းမောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Methamphetamine(ICE) ၅ ကီလို(ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ်သိန်း ၅၀၀)နှင့် လက်ကိုင်ဖုန်း ၃ လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Maypwint Phyu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မအပိုင်း(၄)ရပ်ကွက်နေ မေပွင့်ဖြူ(ခ)မိုက်အား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒလမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)12/MR(ML/YUG) Kyat/25–26 | စက်ပစ္စည်းကိရိယာ (၇)မျိုး |
| ၂ | 12(T)13/MR(ML/YUG) Kyat/25–26 | Spare Parts for Diesel Electric Section ပစ္စည်း(၂၄)မျိုး |
| ၃ | 12(T)14/MR(ML/YUG) Kyat/25–26 | Spare Parts for All Section (Trans, Bogie, Cool, Auxiliary)ပစ္စည်း(၂၉)မျိုး |
| ၄ | 12(T)15/MR(ML/YUG) Kyat/25–26 | Engine Spare Parts for D.E.L & D.H.L ပစ္စည်း(၃၄)မျိုး |
| ၅ | 12(T)16/MR(MC/MIT) Kyat/25–26 | Wheel & Roller Bearings ပစ္စည်း(5)မျိုး |
| ၆ | 12(T)17/MR(ML/ISN) Kyat/25–26 | DEMU ပြုပြင်ရေးအလုပ်ရုံသုံးစက်ပစ္စည်း(၂၂)မျိုး |
| ၇ | ၆၅/မမ/CME(MIT) 25–26 | Hand Tools & Measuring instrument ပစ္စည်း(၃၂)မျိုးနှင့် Machinery & Equipment ပစ္စည်း(၄)မျိုး |
| ၈ | ၆၆/မမ/CME(MIT) 25–26 | (Auto Coupler, Air Brake)ကုန်တွဲ(၂၀)တွဲအသစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၁၄၄)မျိုး |
| ၉ | ၆၇/မမ/CME(MIT) 25–26 | ကွန်တိန်နာတင်ကုန်တွဲ (၃၀)တွဲ (Auto Coupler ချိတ်ဆက်မှုစနစ်နှင့် Compressed Air ဘရိတ်စနစ်) အသစ်ဆက်လက်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၁၀၄)မျိုး |
| ၁၀ | ၆၈/မမ/CME(MIT) 25–26 | ကုန်တွဲ (၃၀)တွဲ (ABC တွဲချိတ်ဆက်စနစ်၊ Vacuum ဘရိတ်စနစ်မှ Auto Coupler တွဲချိတ်ဆက်စနစ်၊ Compressed Air ဘရိတ်စနစ်)ပြောင်းလဲခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန်လိုအပ်သောပစ္စည်း(၆)မျိုး |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၇-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉-၅-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994, 291985**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၆၁/မမ/CE | Sheet Pile (450 mm x 150 mm x 12 mm x 12 m)(84)Nos ဝယ်ယူရန် |
| ၂ | ၆၂/မမ/CME | ရွာထောင်စက်ရုံဝန်ထမ်းလိုင်းခန်းများနှင့် စက်ရုံသုံး အမှတ်(၁)ရေစက်ရုံနှင့် အမှတ်(၅)ရေစက်ရုံတို့တွင် ရေတင်သည့် ဆိုလာစနစ်တပ်ဆင်ရန်အတွက် Turnkey စနစ်ဖြင့်ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၃ | ၆၃/မမ/CME | ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွက် လိုအပ်သည့်လျှပ်စစ်အရန်ပစ္စည်း(၂၅)မျိုးဝယ်ယူရန် |
| ၄ | ၆၄/မမ/CME | ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွက် လိုအပ်သောလျှပ်စစ်အရန်ပစ္စည်း (၂၁)မျိုးဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)(၁၂-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

အမှတ်စဉ်(၂)မှ(၄)အထိ (၁၉-၆-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉-၅-၂၀၂၅)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်၊ မြို့မ(၁)နေ ဇေယျာထက်(ဘ)ဦးကျော်စိုး ၇/ညလပ(နိုင်)၁၃၇၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အ.လ.က(ခွဲ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-6 တွင်ပညာသင်ကြားနေသော အဘ ဦးမောင်စိုး ၇/ထတပ(နိုင်)၀၇၇၈၉၆၏သမီး မသန့်ယွန်းဝတီစိုးအား မသွန်းဝတီစိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသွန်းဝတီစိုး**

### ပျောက်ဆုံးကြောင်း

မမဥ္ဇူသန်း(ဘ)ဦးမောင်မြ ၁၄/ကကန(နိုင်)၁၀၆၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ညီညီစိုး(ဘ)ဦးမြင့်ရွှေ ၁၄/ငရက(နိုင်)၀၀၅၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မိုးထက်ပိုင်ဦး(ဘ)ဦးဇော်ဝင်းနိုင် ၉/ကဆန(နိုင်)၂၀၂၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 561263)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၆၀၀၀၇၀၇**

### ပျောက်ဆုံးကြောင်း

တင်တင်မြ(ဘ)ဦးတာစီကွေး ၁၃/လရန(နိုင်)၀၈၆၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 058448)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၂၈၇၆၇၂**

### အမည်ပြောင်း

ပဲခူးမြို့၊ အ.လ.က(ခွဲ)ပျဉ်းမငူကျောင်း၊ Grade-9 မှ အဘ စောအားဆေး၏သမီး နော်ပန်းအိဖြူအား မပန်းအိဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မပန်းအိဖြူ**

### ပျောက်ဆုံးကြောင်း

အေးလှိုင်(ဘ)ဦးမောင်ဆန် ၁/မကတ(နိုင်)၁၃၄၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၅၁၄၄၉၈၇၂**

### ပျောက်ဆုံးကြောင်း

နန်းခင်ကြည်(ဘ)ဦးလှကျော် ၁၃/မဆတ(နိုင်)၀၀၅၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၂၉၃၀၀၆၉**

### ပျောက်ဆုံးကြောင်း

နန်းဆိုင်အေး(ဘ)ဦးစောလှဦး ၁၂/ဥကတ(နိုင်)၁၈၈၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၇၇၃၂၄၂**

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ဆန်တန်းရပ်ကွက်၊ သဇင်လမ်းနေ မောင်မြင့်ဝေ(ဘ)ဦးသိန်းကြည် ၁၄/ဇလန(နိုင်)၀၁၁၁၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ထိန်တန်းအုပ်စု၊ ရွာသစ်ရွာနေ စောစတေဘယ်ဝင်း(ဘ)စောဝင်းနိုင် ၁၄/ငပတ(နိုင်)၁၈၆၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ နေကြာ(၁)လမ်း၊ ဥ/၅၁၂၃ နေ မအိအိဖြိုး(ဘ)ဦးတင်စိန် ၁၀/မလမ(နိုင်)၁၉၈၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၆၈၀၃၃၈**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအား ဌာနအရောက်တန်ဖိုး(D.D.P)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | TNT mips Upgrade (complete Remote Sensing & GIS Software) with Printer Module Software Key | (2)Nos. |
| (ခ) | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ | (1)Lot |
| (ဂ) | မြေတိုင်းဦးစီးဌာနရုံး ခြံစည်းရိုးနှင့် အဆောက်အဦများ ပြုပြင်မွမ်းမံခြင်း | (1)Lot |
| (ဃ) | Satellite Image (2D Ortho–Rectify, 0.5 m GSD, 5 m resolution DTM) | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၃ – ၆ – ၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး(၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း – ၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**
**၀၉-၉၆၄၉၃၄၅၇၆၊ ၀၉-၄၄၄၄၅၃၇၉၈**

### အမည်ပြောင်း

တောင်ငူမြို့နယ်၊ ကျေးအင်းထုံးဘို အ.ထ.က Grade-4 မှ ပညာသင်ကြားနေသော အဘ ဦးမျိုး(ခ)ဦးမျိုးကျော်သူ ၇/တငန(နိုင်)၁၅၃၆၆၃ ၏သား မောင်မြတ်ဖုန်းဝေအား မောင်အောင်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်မြတ်သူ**

### အမည်ပြောင်း

တောင်ငူမြို့နယ်၊ အ.လ.က(ခွဲ)သဲဖြူ၊ Grade-8 မှ ပညာသင်ကြားနေသော အဘ ဦးကျော်သူ ၇/တငန(နိုင်)၁၇၅၀၄၈ ၏သမီး မသူဇာဖြိုးအား မဖြူဇာဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဖြူဇာဖြိုး**

### အမည်ပြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၂)ရပ်ကွက်နေ အ.ထ.က(၄) Grade-2 မှ အဘ ဦးမျိုးမင်းစိုး၏သမီး မမေလဝန်းချိုအား မယွန်းမြတ်ဟေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယွန်းမြတ်ဟေသာ**

### ပျောက်ဆုံးကြောင်း

ဒေါ်ဉာဏ(ခမည်းတော်)ဦးအောင်ခင် ၁၀/ရမန(သီ)၀၀၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၂၂၀၀၉၁၉**

### ပျောက်ဆုံးကြောင်း

လှမြင့်ဦး(ဘ)ဦးလှကြည် ၁၂/သကတ(နိုင်)၀၇၄၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ဇင်မာဦး(ဘ)ဦးစိန်ဦး ၅/ခဥန(နိုင်)၀၉၁၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၂၈၂၆၈၅၄**

### ပျောက်ဆုံးကြောင်း

မေဖူးအောင်(ဘ)ဦးအောင်အောင် ၅/ရဘန(နိုင်)၂၀၇၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၂၇၅၄၃၉၄**

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်၊ မြို့မ(၄)နေ အိမြတ်သော်(ဘ)ဦးမြတ်ခိုင် ၇/ညလပ(နိုင်)၁၃၄၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### MYANMAR FIGURE BUSINESS COMPANY LIMITED
### (အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
### နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

"MYANMAR FIGURE BUSINESS COMPANY LIMITED."နောက်ဆုံးအစည်းအဝေး၂၀၂၅ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့ နံနက်(၁၂:၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းနှင့် လမ်းသစ်လမ်းကြား၊ အမှတ်-၅ တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဦးဇင်ဝေ**
**B.Com(AA);C.P.A(210)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### SANE GON YAUNG COMPANY LIMITED
### (အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
### နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

"SANE GON YAUNG COMPANY LIMITED." နောက်ဆုံးအစည်းအဝေး၂၀၂၅ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့ နံနက်(၁၂:၀၀)နာရီအချိန်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အမှတ် ၆၇၅/၁၂ တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဦးဇင်ဝေ**
**B.Com(AA);C.P.A(210)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### ROYAL SM COMPANY LIMITED
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များဆန္ဒအလျောက်
### ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "ROYAL SM COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၀-၅-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဇင်ဝေ** | **DAW THEINGI WIN** |
| **B.Com(AA);C.P.A(210)** | **Managing Director** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **ROYAL SM COMPANY LIMITED.** |

### နိုင်ငံသားစိစစ်ရေးကတ်အမှတ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်အမှတ်(၂)၊ ဘုရင့်နောင်(၁၀)လမ်းနေ မောင်သီဟနောင် (ဘ)ဦးဌေးလွင်၏သား ကိုင်ဆောင်သောနိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/လသယ(နိုင်)၃၃၆၈၇၈ မှာ မှားနေပါသဖြင့် အမှန်မှာ ၁၂/သဃက(နိုင်)၂၂၃၇၅၇ ဖြစ်ပါကြောင်း။

**မောင်သီဟနောင်**

### ပျောက်ဆုံးကြောင်း

ခင်စန်းငွေ(ဘ)ဦးထွန်းရင် ၅/ရဘန(နိုင်)၀၃၃၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၂၉၅၉၆၈၀**

### ပျောက်ဆုံးကြောင်း

ဟန်နီအောင်(ဘ)ဦးအောင်သူ ၇/ဖမန(နိုင်)၁၅၈၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၃၃၉၉၈၃၂**


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
သဘာဝအစစ်မို့ အရသာရှူး ဖိတ်ခွင့်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Lemon Tea
Tea Mix
Black Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


MWD
မီဒီယာစင်တာ
ရရှိနိုင်သောဝန်ဆောင်မှုများ
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ
အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
Function Hall
Media Training
Theatre
Ball Room
Meeting Room
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre

❖ **အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှု ကောင်းမွန်ခြင်းအပေါ်တွင် မူတည်နေ . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၆) မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။


# အားကောင်းသောမုန်တိုင်းငယ် တဖြည်းဖြည်းအားလျော့သွားနိုင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂၉**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့ကို ဆာဂါကျွန်း(Sagar Island) နှင့် ခီပူပါရာမြို့(Khepupara)တို့အကြားမှ ဖြတ်ကျော်ခဲ့သော အားကောင်းသောမုန်တိုင်းငယ် (Depression) သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ မွန်ဂလမြို့(Mongla)၏ အနောက်တောင်ဘက်မှ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒




## "လျှော်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့(MNTT)တို့ပူးပေါင်း၍ "လျှော်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့်ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် မေလ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပသွားမည်ဖြစ်သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ➢

## ဆောင်းပါး

**ရောင်စုံပန်းများပွင့်လန်းဖို့ မြေတောင်မြှောက်ကာပျိုးထောင်စို့**

စာ - ၁၃ သို့

**မြေဆီလွှာ အာဟာရတိုးတက်ရေး နည်းလမ်းမှန်များအသုံးချပေး**

စာ - ၇ သို့

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၂၆ သို့

**မှတ်သားဖွယ်ရာ မိုးရေချိန်များ** (၂၉-၅-၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စစ်တွေ | ၄ | ဒသမ | ၈၈ | လက်မ | ခန္တီး | ၂ | ဒသမ | ၉၅ | လက်မ |
| ဟုမ္မလင်း | ၄ | ဒသမ | ၁၃ | လက်မ | ညောင်တုန်း | ၂ | ဒသမ | ၈၀ | လက်မ |
| ပဲခူး | ၃ | ဒသမ | ၇၀ | လက်မ | ပန်းတနော် | ၂ | ဒသမ | ၇၈ | လက်မ |
| ဟားခါး | ၃ | ဒသမ | ၁၁ | လက်မ | သထုံ | ၂ | ဒသမ | ၆၀ | လက်မ |
| ခရမ်း | ၂ | ဒသမ | ၉၅ | လက်မ | ဝါးခယ်မ | ၂ | ဒသမ | ၅၆ | လက်မ |

ဇန္နုလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်
